ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့ (6-3-2012) (၇၀၅၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၅

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၂ ခုနှစ် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်များ အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်း တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ဆရာတော်များ၊ ၂၀၁၂ ခုနှစ် ဘွဲ့ခံ ဆရာတော်များနှင့် ဘွဲ့ခံသီလရှင်များ ကြွရောက်တော်မူကြပြီး ဒုတိယ သမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြား ထားသူများနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်း အနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေး မြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ကျိုက်ပိကျောင်းတိုက်ဆရာ တော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်း ရွှေမှုန်တို့က

စာမျက်နှာ ၉ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၆-၃-၂၀၁၂[အင်္ဂါနေ့]။

အံဝင်ခွင်ကျဖြစ်အောင် တွေးဆကြံဆောင်

စက်ယန္တရားတစ်ခုတွင် အရွယ်တူ အလေးချိန်တူသော်လည်း ပုံသဏ္ဌာန်မတူညီသည့် ပစ္စည်းနှစ်ခုကို တစ်ထပ်တည်းတပ်ဆင်သုံးစွဲ၍ မရနိုင်ပေ။ ပမာအားဖြင့် အဝိုင်းနှင့် လေးထောင့်ပုံပစ္စည်းတို့သည် အရွယ်အစားတူညီလင့်ကစား အံဝင်ခွင်ကျ ထည့်သွင်းတပ်ဆင်၍မရသကဲ့သို့ပင်။ ထို့ကြောင့်ပင် လုပ်ငန်းပမာဏသေးငယ်လှသည့် လုပ်ငန်းကလေးတစ်ခုမှသည် ငွေကြေး၊ ပစ္စည်းထုထည်ပမာဏကြီးမားကျယ်ပြန့်လှသည့် လုပ်ငန်းကြီးများအထိ လုပ်ဆောင်ကြရာတွင် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် စီမံလုပ်ဆောင်ကြရပေမည်။

လုပ်ငန်းကြီး အရှည်သဖြင့် တည်တံ့၊ ခိုင်ခံ့ အလုပ်ဖြစ်စေရေး အဘက်ဘက်က တွေးတောကြံဆ ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူတစ်ဦး၏ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်နှင့် စိတ်ဓာတ်အခြေအနေများကို ထည့်သွင်းတွက်ဆ နေရာချထားပေးရန်လိုအပ်သည်။ သို့မဟုတ်ပါက အဆီအငေါ်မတည့်သော စီမံခန့်ခွဲမှုကြောင့် အချိန်ကုန်အကျိုးမဲ့သော ဖြစ်ရပ်တို့ကြုံတွေ့ရနိုင်သည်။

ကုန်ပစ္စည်းအမယ်သစ်တစ်ခု၊ သီးနှံတစ်မျိုးမျိုး၊ ပို့ဆောင်ရေးယာဉ် အမျိုးအစားတစ်ခုခု စသည်တို့ကို ဆန်းသစ်တီထွင် ထုတ်လုပ်ကြခြင်းသည် ကောင်းမွန်သော အားထုတ်ခြင်းဖြစ်ပါသည်။ ထုတ်လုပ်မှုနှင့် ကုန်ကျစရိတ်အချိုးညီရေး၊ ထည့်သွင်းရသည့်သွင်းအားစုများ တန်ဖိုးနှင့်ထွက်ရှိလာသည့် သီးနှံတို့၏ရောင်းရတန်ဖိုးအကျိုးရလဒ် ပိုမိုရရှိနိုင်ရေးတို့ကိုလည်း ထည့်သွင်းတွက်ချက်ရပေမည်။ ဆယ်စုနှစ် နှစ်စုကျော်က သီးနှံအထွက်တိုးရေး အောင်မြင်မှုဆု အသီးသီးရရှိခဲ့ကြသည့်ဖြစ်ရပ်အချို့၏ နောက်ကွယ်တွင် မရိုးဖြောင့်မှုများ၊ စီးပွားရေးတွက်ခြေမကိုက်သောလုပ်ရပ်များ ရှိခဲ့ကြဖူးသည်။

ခရီးသည်နှင့်ယာဉ်အားမမျှတသည့် အခြေအနေတစ်ရပ်တွင် နှစ်စီးတွဲဘတ်စ်ကားများ တီထွင်ပြေးဆွဲခဲ့ဖူးသည်။ ထိုစဉ်က မြို့ပြလမ်းမကြီး၏ ကားလမ်းအခြေအနေကြောင့် ယာဉ်တိမ်းမှောက်မှုများ၊ ယာဉ်ပျက်သွားသည့်အခါ ယာဉ်ကြောတစ်ခုလုံးပိတ်ဆို့၍ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်ခဲ့ရမှုများလည်းရှိခဲ့သည်။ ကုန်ထုတ်လုပ်ငန်းအချို့ဆိုလျှင် စက်ရုံကြီးလည်ပတ်ပြီး မကြာခင်ပင် ကုန်ကြမ်းပြတ်လပ်သွား၍ ထုတ်လုပ်မှုရပ်ဆိုင်းခဲ့ရသဖြင့် ဆုံးရှုံးမှုများ ကြုံကြိုက်ခဲ့ကြရသည်။ လတ်တလောအခြေအနေကိုသာကြည့်၍ ရေရှည်တွင် အောင်မြင်မှုနည်းပါးခဲ့သော ကြံဆမှုများပင်။

မျက်မှောက်အချိန်အခါတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် အားထုတ်နေကြပြီ။ မျိုးကောင်းမျိုးသန့် သီးနှံစိုက်ပျိုး အထွက်တိုးလာသည်နှင့်အမျှ တောင်သူဦးကြီးများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာကြမည်ဖြစ်သည်။ သီးနှံအထွက်ကောင်းရေး စပါးနှင့် သီးနှံစုံ မျိုးကောင်းမျိုးသန့် သီးနှံမျိုးများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေး၊ ရေမြေဒေသနှင့် ကိုက်ညီသည့် မျိုးများရရှိရေး၊ သင့်တင့်သည့်ဈေးနှုန်းဖြင့် မျိုးစေ့များ ဝယ်ယူရရှိနိုင်ရေး ပိုမိုအားထုတ်ကြရပေဦးမည်။

ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေးများ စမ်းသပ်စိုက်ပျိုးနေကြရာ ပင်သန်ဖွံ့ထွား အသီးများ၍ အထွက်လည်းတိုး အကျိုးများစွာ ရရှိနေကြပြီ။ ပေါင်းစနစ်ဖြင့်ပျိုးထောင်စိုက်ပျိုးရာတွင် လုပ်အားနှင့်အချိန် လိုအပ်မှုဖြည့်ဆည်းပေးရမည့် အခြေအနေများလည်းရှိသည်။ မိုးရေကိုသာ မျှော်ကိုး၍ စိုက်ပျိုးလယ်မြေများ ဆည်ရေသောက်နိုင်ရေး ဆည်မြောင်းစနစ်များ ကောင်းအောင် ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းမှုများ မပြတ်ပြုလုပ်ကြရပေမည်။

အထူးသဖြင့် တောင်သူများလိုအပ်သည့် ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းအားဆေး စသည့်သွင်းအားစုများ အရည်အသွေးမီမီ လွယ်လင့်တကူရရှိရေးသည် လိုအပ်ချက်တစ်ခုဖြစ်သည်။ တစ်ဖက်ကလည်း စေတနာထားကျွမ်းကျင်ဝန်ထမ်းများက တစိုက်မတ်မတ်အားပေးကူညီကြရပေမည်။ ဆိုလိုသည်မှာ မည်သည့်ဒေသလုပ်ငန်းဌာနမဆို သူ့နေရာနှင့်သူ အံဝင်ခွင်ကျ စနစ်ကျအောင် တာဝန်ပေး တာဝန်ယူကြလျှင် မည်မျှခက်ခဲသည့်လုပ်ငန်းဖြစ်စေ အောင်မြင်မှုပန်းတိုင်သို့ အလွယ်တကူရောက်ရှိနိုင်မည်ဟု ရှုမြင်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ Joint Secretary Mr. Alok Nigam နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရတို့အကြား ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၅၅၀	၀. ၀၃၂၆၂
တရုတ် (ယွမ်)	၆. ၃၀၇၉၃	၀. ၁၅၈၅၃
အိန္ဒိယ (ရူပီး)	၄၉. ၇၇၉၈	၀. ၀၂၀၀၉
မလေးရှား (ရင်းဂစ်)	၃. ၀၂၂၀၀	၀. ၃၃၀၉၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၆၈၉	၀. ၇၉၅၆၁
ဂျပန် (ယန်း)	၈၁. ၃၅၅၀	၀. ၀၁၂၂၉
တောင်ကိုရီးယား(ဝမ်)	၁၁၁၈. ၂၆	၀. ၀၀၀၈၉
ယူရို	၀. ၇၅၇၁၃	၁. ၃၂၀၇၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၄၃	၁. ၅၈၃၇၀

အင်တာနက်။

မန္တလေးကုန်စည်ဈေးနှုန်း

(၅-၃-၂၀၁၂)

အရင်တစ်ပတ်ထက် ရွှေဈေးတစ်သောင်းကျော်လောက် ကျလာပါတယ်။ အခေါက်ရွှေ(အဆင့်-၁) ကျပ် ၇၃၉၅၀၀၊ အခေါက်ရွှေ (အဆင့်-၂) ကျပ် ၇၃၇၅၀၀၊ ရွှေဒင်္ဂါး (ရွှေရည်မီ) ကျပ် ၆၆၄၀၀၀ ဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးက တစ်အောင်စကို ကန်ဒေါ်လာ ၁၇၁၁ ဖြစ်ပါတယ်။

စားအုန်းဆီဈေးက တက်နေပြီး ကျပ် ၁၉၂၀၊ ၁၉၂၀ ဈေးရှိပါတယ်။ အခြားဆီဈေးတွေကတော့ ပဲဆီကျပ် ၃၂၀၀၊၃၆၀၀၊ နှမ်းဆီ ကျပ် ၂၅၀၀၊ ၂၅၅၀ ၊ ပန်းနှမ်းဆီ ကျပ် ၂၅၅၀၊၂၆၀၀၊ နေကြာဆီ ကျပ် ၂၄၀၀၊၂၅၀၀၊ မုန်ညင်းဆီ ကျပ် ၂၅၀၀၊ ပဲပုပ်ဆီ ကျပ် ၁၈၀၀၊ ဝါစေ့ဆီ ကျပ် ၁၇၀၀၊ ၁၇၅၀၊ ကြက်ဆူဆီ ကျပ် ၃၀၀၀ ဖြစ်ပါတယ်။

ဆန်ဈေးတွေက ပေါ်ဆန်းမွှေး ကျပ် ၃၀၀၀၀၊ ရွှေဘိုမနော် ကျပ် ၁၈၀၀၀၊ မဂျမ်းတော ကျပ် ၂၀၀၀၀၊ စောရှုပ် (အဟောင်း) ကျပ် ၂၅၀၀၀၊ စောရှုပ် (အသစ်) ကျပ် ၂၁၀၀၀၊ ပေါ်ကျွဲ (အဟောင်း) ကျပ် ၂၂၀၀၀၊ ပေါ်ကျွဲ(အသစ်) ကျပ် ၁၉၅၀၀၊ ဧယာ(အဟောင်း) ကျပ် ၂၁၅၀၀၊ ဧယာ(အသစ်) ကျပ် ၁၅၅၀၀၊ ဧရာမင်း ကျပ်၁၇၀၀၀၊ ၁၈၀၀၀၊ B.G ကျပ် ၁၂၅၀၀၊၁၃၀၀၀၊ ငစိန် ကျပ် ၁၃၀၀၀၊ ၁၃၅၀၀၊ ၇၄၇ဆန် ကျပ် ၁၂၅၀၀၊ ၁၃၅၀၀၊ သုခ-မတ္တရာ ကျပ် ၁၃၀၀၀၊ ၁၄၀၀၀၊ ရွှေသယ် ၁၂၀၀၀၊ ၁၃၀၀၀၊ မှော်ဘီ ကျပ် ၁၄၀၀၀၊ ၁၅၀၀၀၊ ကောက်ညှင်း (ရန်ကုန်) ကျပ် ၃၀၀၀၀၊ ကောက်ညှင်း (ပုသိမ်) ကျပ် ၄၂၀၀၀၊ ကောက်ညှင်း(ကောလင်း) ကျပ် ၁၇၀၀၀၊ ၁၈၀၀၀၊၂၀၀၀၀၊ ဆန်ကွဲ ကျပ် ၉၀၀၀၊ ၁၀၀၀၀ ဈေးတွေရှိပါတယ်။

ပဲဈေးကွက်မှာ ကုလားပဲဝါ(ထိပ်)သစ် ကျပ် ၄၅၀၀၀၊ ကုလားပဲဝါ(လတ်) ကျပ် ၄၄၀၀၀၊ ထိုင်ဝမ် ကျပ် ၄၅၅၀၀၊ ကုလားပဲဖြူ လုံးကြီး ကျပ် ၅၁၀၀၀၊ ၅၂၀၀၀ ၊ ပဲစင်းငုံ(နီ-သစ်) ၄၃၀၀၀၊ ၄၄၀၀၀၊ ပဲတီစိမ်း(ကြီး) ကျပ် ၄၀၀၀၀၊ ၄၃၀၀၀၊ ပဲတီစိမ်း(ရွှေဝါ) ကျပ် ၅၇၀၀၀၊ ပဲကြီး ကျပ် ၄၈၀၀၀၊ ၅၂၀၀၀၊ ပဲသေး ကျပ် ၃၆၀၀၀၊ ၃၇၀၀၀၊ နိုင်လွန်ပဲ ကျပ် ၄၅၀၀၀၊ ၄၅၀၀၀၊ မတ်ပဲ(သစ်) ကျပ် ၃၈၀၀၀၊ ၃၉၀၀၀၊ မြေထောက်ပဲ ကျပ် ၅၄၀၀၀၊ ၅၅၀၀၀ ၊ ပဲရာဇာ ကျပ် ၂၂၅၀၀၊၂၃၀၀၀၊ စွန်တာပြာ(သစ်) ကျပ် ၂၉၅၀၀၊၃၂၀၀၀၊ ပဲနီပြား(သစ်) ကျပ်၄၂၀၀၀၊ ၄၄၀၀၀ ၊ ထောပတ်ပဲ(ကြီး) ကျပ် ၅၅၀၀၀၊ ၅၆၀၀၀၊ ထောပတ်ပဲ(လတ်) ကျပ်၅၀၀၀၀၊ ၅၁၀၀၀၊ ထောပတ်ပဲ(သေး-သစ်) ကျပ် ၄၁၅၀၀၊ ၄၂၀၀၀၊ ပဲပုပ်စေ့ ကျပ် ၃၇၀၀၀၊ ၃၈၀၀၀၊ ရှမ်းပဲပုပ်စေ့ ကျပ် ၄၂၀၀၀၊ ၄၅၀၀၀၊ ပဲကြား(သစ်) ကျပ် ၂၇၀၀၀၊ ၂၈၀၀၀၊ ခေတ်သစ်ပဲ ကျပ် ၃၃၀၀၀၊ ၃၅၀၀၀၊ ပဲလွမ်းပြာ ကျပ် ၂၈၀၀၀၊ ၂၉၀၀၀၊ ပဲလွမ်းဖြူ ကျပ် ၅၃၀၀၀၊ ၅၄၅၀၀၊ ပဲယဉ်း-ဗမာ ကျပ် ၂၄၀၀၀၊၂၅၀၀၀၊ စားတော်ပဲ(တရုတ်) ကျပ် ၅၈၅၀၀၊ ၅၉၀၀၀၊ စားတော်ပဲ (အိန္ဒိယ) ကျပ် ၅၇၅၀၀၊၅၇၅၀၀၊ စားတော်ပဲ (သက်လတ်) ကျပ် ၅၇၀၀၀၊ ၅၈၀၀၀၊ စားတော်ပဲ(ကျွန်း) ကျပ် ၅၈၀၀၀၊ ၆၀၀၀၀၊ ပဲချဉ်ပေါင် ကျပ် ၂၇၀၀၀၊ ၃၀၀၀၀၊ ပဲဇီးကွက်(သစ်) ကျပ် ၃၁၀၀၀၊ ၃၂၀၀၀ ဈေးရှိပါတယ်။

မန္တလေးသီရိမာလာဈေးက ငါးဈေးနှုန်းတွေ လေ့လာတဲ့အခါမှာတော့ အကောင်အကြီး၊ အသေးပေါ် မူတည်ပြီး ဈေးနှုန်းတွေ သုံးမျိုးခွဲထားပါတယ်။ ငါးဈေးတွေကတော့ ဈေးအပြောင်းအလဲမရှိဘဲ အကြီး၊ အလတ်၊ အသေးပေါ် မူတည်ပြီး တစ်ပိဿာဈေးနှုန်းတွေက ငါးမြစ်ချင်း ကျပ် ၂၁၅၀၊၂၀၀၀၊ ၁၇၀၀၊ ငါးကြင်းဖြူ ကျပ် ၃၅၀၀၊၃၀၀၀၊၂၅၀၀ ၊ မွေးငါးတန် ကျပ်၂၀၀၀၊၁၈၅၀၊၁၅၀၀၊ မြစ်ငါးတန်ခွဲ ကျပ်၄၅၀၀၊ ခေါင်းငါးအိုးတုံ ကျပ် ၂၄၀၀၊ ၂၂၀၀၊ ၂၀၀၀၊ ရွှေဝါ ကျပ် ၂၂၀၀၊ ၂၀၀၀၊ ၁၇၀၀၊ ငါးခုံးမ ကျပ် ၁၈၀၀၊ ၁၅၀၀၊ ၁၃၀၀၊ ငွေရောင် ကျပ် ၁၈၀၀၊ ၁၅၀၀၊ ၁၃၀၀၊ မြက်စား ကျပ် ၂၀၀၀၊ ၁၇၀၀၊ ၁၅၀၀၊ ပါကူး/ငါးမုတ် ကျပ် ၁၈၀၀၊ ၁၆၀၀၊ ၁၃၀၀၊ တီလားပီးယား ကျပ် ၂၂၀၀၊ ၁၈၀၀၊ ၁၂၀၀၊ မွေးငါးခူ ကျပ် ၂၀၀၀၊ ၁၆၀၀၊၁၄၀၀၊ ငါးရံ့ ကျပ် ၄၅၀၀၊ ၃၅၀၀၊ ၂၈၀၀၊ လယ်ငါးခူ ကျပ်၄၅၀၀၊ ငါးကျည်း ကျပ် ၃၅၀၀ ၊ ငါးသလောက် ကျပ် ၇၀၀၀၊ ၆၀၀၀၊၄၅၀၀၊ ပြည်ကြီးငါး ကျပ် ၈၅၀၀၊ ၆၅၀၀၊၆၀၀၀၊ ကကတစ် ကျပ် ၄၅၀၀၊ ၆၅၀၀၊ ၄၀၀၀ တို့ဖြစ်ပါတယ်။ (အိမ့်)

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများ စစ်ဆေး

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။

မတ် ၃ ရက်တွင် ဖျာပုံမြို့နယ် တမံကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပြီး ဆေးဝါးများ လှူဒါန်းကာ ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာနကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မတ် ၄ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့နယ် တညင်းကုန်းကျေးရွာ၌ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်က ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အနောက်တိုင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို လှူဒါန်းပြီး တညင်းကုန်း-သဲကုန်းတံတားတည်ဆောက်ရေးအတွက် မတည်ငွေ လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒေးဒရဲမြို့နယ် တိုင်းရင်းဆေးကုဌာနကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့တိုင်းရင်းဆေးဖြင့် ကျေးလက်နေပြည်သူလူထုအား ထိရောက်သောကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး ဆောင်ရွက်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်း ပိုမိုမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဖျာပုံမြို့နယ် တမံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးဝါးများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်အတွင်းရှိ အပူပိုင်းမုန်တိုင်းအဖွဲ့ဝင်နိုင်ငံများ၏ (၃၉)ကြိမ်မြောက် အပူပိုင်းမုန်တိုင်းအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မုန်တိုင်းများနှင့်ပတ်သက်၍ ခန့်မှန်းချက်များ၊ ထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ တိုင်းတာချက်များနှင့် နည်းပညာအတွေ့အကြုံများနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မတ် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးစီး၍ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization)နှင့် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) တို့ ပူးပေါင်းကျင်းပသည့် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်အတွင်းရှိ အပူပိုင်းမုန်တိုင်းအဖွဲ့ဝင် နိုင်ငံများ၏ (၃၉)ကြိမ်မြောက် အပူပိုင်းမုန်တိုင်းအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ အပူပိုင်းမုန်တိုင်းအဖွဲ့ဝင် နိုင်ငံများဖြစ်သော မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ အိုမန်၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အပူပိုင်းမုန်တိုင်းအဖွဲ့ဝင် နိုင်ငံများ၏ (၃၉)ကြိမ်မြောက် အပူပိုင်းမုန်တိုင်းအဖွဲ့ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ အပူပိုင်းမုန်တိုင်းအဖွဲ့ အစည်းအဝေးကို စတင်ဖွဲ့စည်းချိန်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ယခုအစည်းအဝေးအပါအဝင် အိမ်ရှင်နိုင်ငံအဖြစ် (၅)ကြိမ် လက်ခံကျင်းပခဲ့ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပူပိုင်းမုန်တိုင်းကြောင့် ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးနှင့် ကြိုတင်သတိပေးချက်များ၊ ပိုမိုတိကျသော သတိပေးချက်များ ထုတ်ပြန်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အပူပိုင်းမုန်တိုင်းအဖွဲ့မှ အတွင်းရေးမှူး Dr.Q.Z. CHAUDHRY၊ UNESCAP သဘာဝဘေးအန္တရာယ်လျော့ပါးရေးဌာနမှ အကြီးအကဲ Mr. Yuichi Ono နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ညွှန်ကြားရေးမှူး Dr. Groffrey LOVE တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးကို မတ် ၉ ရက်အထိ အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မုန်တိုင်းအန္တရာယ်သက်ရောက်မှုကြောင့် လူမှုစီးပွားပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်နှင့် အပူပိုင်းမုန်တိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ခန့်မှန်းရေးလုပ်ငန်းများ၊ သတင်းထုတ်ပြန်ရေးလုပ်ငန်းများအပါအဝင် ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်အတွင်းဖြစ်ပေါ်သည့်မုန်တိုင်းများနှင့်ပတ်သက်၍ ခန့်မှန်းချက်များ၊ ထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ တိုင်းတာချက်များနှင့် နည်းပညာအတွေ့အကြုံများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့က ထောက်ပံ့ပေးအပ်ခဲ့သည့် ပစ္စည်းများအား ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်ပြီးစီး

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့၏ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးစဉ်၌ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဆင်းရဲချို့တဲ့ မိသားစုများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီများ ထောက်ပံ့ပေးအပ်ခဲ့ရာ လားရှိုးခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ တိုင်းရင်းသား လူမှုကူညီရေးအသင်း အဖွဲ့ဝင်များက မတ် ၁ ရက်တွင် လားရှိုးမြို့နယ် မန်အိုင် ကျေးရွာအုပ်စုရှိ မန်အိုင်၊ နမ့်စမ်၊ ကုန်းညောင်ကျေးရွာများရှိ ချို့တဲ့မိသားစု ၂၁၉ စုနှင့် နမ့်စမ်ဘုန်းတော်ကြီးကျောင်း၊ မန်အိုင်ဘုန်းတော်ကြီးကျောင်းတို့သို့လည်းကောင်း၊ မတ် ၂ ရက်တွင် အီနိုင်းဘုန်းတော်ကြီးကျောင်း၊ နားမခေါ်ဘုန်းတော်ကြီးကျောင်းနှင့် နားကွမ်းလုံ ကျေးရွာအုပ်စုရှိ ချို့တဲ့အိမ်ထောင်စု ၁၃၅ စု၊ အီနိုင်းကျေးရွာအုပ်စုမှ ချို့တဲ့အိမ်ထောင်စု ၆၄ စု၊ ကုံးမုံးကျေးရွာမှ ချို့တဲ့အိမ်ထောင်စု ၆၂ စု စုစုပေါင်း အိမ်ထောင်စု ၂၆၁စု သို့လည်းကောင်း လက်ရောက်ထောက်ပံ့ လှူဒါန်းပေးအပ်ခဲ့ကြောင်း၊ ကျန်ရှိသေးသော ဆင်းရဲချို့တဲ့ မိသားစုများအတွက် ယနေ့တွင်လည်း ကျေးရွာများသို့ သွားရောက် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အထွေထွေမျက်နှာစုံညီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အစည်းအဝေးဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း အထွေထွေမျက်နှာစုံညီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားရာ၌ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ဆေးရုံလုပ်ငန်းသည် လူ၏အသက်နှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် စီးပွားရေးနှင့် ပတ်သက်သည့် လူမှုရေးကိစ္စကိုပါ အဓိကထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဦးစားပေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ယခုလက်ရှိ အခြေအနေတွင် နိုင်ငံတော်က အကုန်အကျခံလေ့ကျင့်သင်တန်းရရှိပြီးသည့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့် သူနာပြုများအား ပုဂ္ဂလိကဆေးရုံများက အရန်သင့်အသုံးပြုခွင့် ရရှိနေပါကြောင်း၊ နောင်တွင် ဆရာဝန်၊ သူနာပြုများ၊ ဓာတ်မှန်၊ ဓာတ်ခွဲကျွမ်းကျင်သူများအား ပညာရပ်ဆိုင်ရာ အဆင့်မြင့်မားရေးအတွက် တစ်စိတ်တစ်ပိုင်း ရင်းနှီးမြှုပ်နှံ၍ လေ့ကျင့်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စင်ကာပူ၊ မလေးရှားစသည့် အရှေ့တောင်အာရှနိုင်ငံများရှိ ပုဂ္ဂလိကဆေးရုံများ၌ ဆင်းရဲသူများအား အခမဲ့ကုသပေးသည့် လူမှုရေးဆောင်ရွက်မှုများ ရှိသည်ကို အတုယူစေလိုပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးရုံများ တိုးချဲ့ခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ စံကိုက်ဆေးရုံများဖြစ်အောင် ဖြည့်ဆည်းခြင်းနှင့် အထူးကုဆရာဝန်ကြီးများ ခန့်ထား၍ အထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အာရှဒေသ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းလျက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အဆင့်မြင့်မားအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လိုက်နာရန်လိုအပ်ပါကြောင်း၊ ၂၀၁၅ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ရန်ပေါင်တန်းနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို S O P နှင့်အညီ Guide Line များအတိုင်း ပြုစုဆောင်ရွက်သွားစေလိုကြောင်း။

ပုဂ္ဂလိကဆေးရုံများအသင်း အဖွဲ့ဝင်များအနေဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အဆင့်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် အခြေအနေများနှင့် ကိုက်ညီသည့်လုပ်ငန်းများကို ဆေးရုံအကျိုး၊ လူနာအကျိုး၊ ပြည်သူအကျိုး ရှေးရှု၍ နည်းမှန်လမ်းမှန် လုပ်ငန်းများဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပုဂ္ဂလိကဆေးရုံများအား ကူညီပံ့ပိုးနိုင်သည်များကို ပံ့ပိုးကူညီပေးလျက်ရှိပြီး ပုဂ္ဂလိကဆေးရုံများအား ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အသိပေးခြင်းနှင့် ပညာရပ်ဆိုင်ရာလုပ်ငန်းများအား ကာကွယ်ပေးခြင်းအတွက် အရေးယူဆောင်ရွက်ခဲ့ရသည်များရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မီးသတ်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် မတ် ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၏ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၃၅၄)၌ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မတော်တဆဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုဖြစ်စဉ်၌ အချိန်တိုအတွင်း ဆုံးရှုံးမှုနည်းပါးနိုင်သမျှ နည်းပါးစေရန်နှင့် စက်သုံးဆီအရောင်းဆိုင် အဆောက်အအုံနှင့်ရေနံထွက်ပစ္စည်းများကို မီးကူးစက်လောင်ကျွမ်းခြင်းမရှိစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းငြိမ်းသတ်ပေးခဲ့ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းများမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်နှင့်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးရဲမြင့်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်က နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်ထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မီးသတ်တပ်ဖွဲ့လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် ကျောလွယ်ရေဖျန်းပုံးများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မသန်စွမ်းစစ်သည်များအား ထောက်ပံ့ဂုဏ်ပြု

ပဲခူး မတ် ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မသန်စွမ်းစစ်သည်များအား ထောက်ပံ့ငွေနှင့် လမ်းလျှောက်အကူပစ္စည်းများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ အခမ်းအနားတွင် မသန်စွမ်းစစ်သည် ၈၅ ဦးအား ထောက်ပံ့ငွေကျပ် ၁၇ သိန်းနှင့် လမ်းလျှောက်အကူပစ္စည်း တန်ဖိုးငွေကျပ် နှစ်သိန်းတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

◆ **ကျောဖုံးမှ**

ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာ ဗညားအောင်မိုး၏ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုအဖြစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်စတင်မည့် အကြီးစားစက်မှုစီမံကိန်းများအားလုံး ရပ်ဆိုင်းထားသင့်ကြောင်း ဆွေးနွေးခဲ့မှုနှင့်စပ်လျဉ်း၍ စက်မှုဖွံ့ဖြိုးရေးစီမံကိန်းများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးချေးငွေဖြင့်ဆောင်ရွက်သော စီမံကိန်းများဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ချေးငွေသဘောတူညီမှုများ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ စီမံကိန်းများကို ရပ်ဆိုင်းခြင်းဖြင့် ယင်းချေးငွေများကို အခြားလွှဲပြောင်းသုံးစွဲရန် မဖြစ်နိုင်ပါကြောင်းနှင့် ဘတ်ဂျက်သဘောအရလည်း ပိုငွေမထွက်ပေါ်လာနိုင်ကြောင်း၊ စက်မှုဖွံ့ဖြိုးမှု၊ နည်းပညာဖွံ့ဖြိုးမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုတို့ကို ပြိုင်တူဆောင်ကြဉ်းပေးနိုင်မည့် စီမံကိန်းဖြစ်သကဲ့သို့ ကြီးမားကျယ်ပြန့်သော အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံပိုင်အနေဖြင့် ထာဝရရပ်တည်ရမည့် စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင် ဖက်စပ်ပိုင်၊ အများပိုင်အဖြစ် ကူးပြောင်းဆောင်ရွက်နိုင်သော စီမံကိန်းဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များအပေါ် အလေးအနက်ထား၍ နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ဖြစ်သည့် စက်မှုနိုင်ငံထူထောင်ရေးအတွက် စီမံဆောင်ရွက်သော စက်မှုဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သည့်အားလျော်စွာ ပြည်သူ့ ကိုယ်စားလှယ်များက ဆင်ခြင်သုံးသပ်နိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်ပစ္စည်းဝယ်ယူရမှုများ လျှော့ချနိုင်ရန်၊ အခြားပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မီဒီယာလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လွန်ခဲ့သည့်(၇)နှစ်၊ (၈)နှစ်မှစ၍ မီဒီယာလုပ်ငန်းများ ထိရောက်အောင်မြင်ရန်နှင့် နိုင်ငံတော်၏ငွေကြေးကုန်ကျမှု သက်သာစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့သကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ Forever Media Group နှင့် ပူးပေါင်းပြီး Channel-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ထုတ်လွှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ Sky Net Media နှင့် ပူးပေါင်းပြီး Myanmar International ရုပ်သံလိုင်းအပါအဝင် ဆက်စပ် Sky Net ရုပ်သံလိုင်းများကို ထုတ်လွှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရေဒီယိုအသံလွှင့်အပိုင်းတွင်လည်း မြန်မာ့အသံရေဒီယိုထုတ်လွှင့်မှုအပြင် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းပြီး မန္တလေး FM၊ ပတ္တမြား FM၊ ရွှေ FM၊ ပဉ္စဝတီ FM၊ ချယ်ရီ FM၊ ပုဂံ FM စသည်ဖြင့် FM အသံလွှင့်လိုင်းပေါင်း(၆)လိုင်းကို အောင်အောင်မြင်မြင် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ခဲ့သည့်အပြင် မီဒီယာလွှမ်းခြုံနိုင်မှုအပိုင်းတွင်လည်း ရှိရင်းစွဲထက်များစွာ ပိုမိုကျယ်ပြန့် ထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အလားတူ မိမိတို့၏ ယဉ်ကျေးမှုနှင့် မကိုက်ညီသည်များကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိရေးကိုပါ များစွာအထောက်အကူပြုနိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ မီဒီယာကဏ္ဍဆိုင်ရာ လိုအပ်ချက်များအပေါ်မူတည်ပြီး ပြည်တွင်းပုဂ္ဂလိက မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်ပမီဒီယာများနှင့်လည်း ပူးပေါင်းပြီး ပူးတွဲထုတ်လုပ်ပြသရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ ယူနန်တီဗွီနှင့်ပူးပေါင်းပြီး ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကို ပူးတွဲထုတ်လုပ်ဖြန့်ချိပြသရန် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် ယူနန်ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပူးပေါင်းပြီး ရုပ်ရှင်ဇာတ်ကားပူးတွဲထုတ်လုပ်ပြသရန်လည်း ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်တွင်းမီဒီယာများအတွက် ရုပ်သံထုတ်လွှင့်ခွင့်ကိုပါ ခွင့်ပြုပေးခြင်းဖြစ်ပြီး ပြည်ပမီဒီယာများနှင့် ဆောင်ရွက်ရာတွင်မူ နှစ်ဖက်ပူးတွဲထုတ်လုပ်ခြင်း၊ နှစ်နိုင်ငံအပြန်အလှန်ပြသခြင်း၊ ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှုအပေါ်မူတည်၍ အကျိုးအမြတ်ကို ခွဲဝေခံစားခြင်း စသည့်မူများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဦးအေးမောက်၏ ဆွေးနွေးချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက မီဒီယာများအနေဖြင့် လက်ရှိတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ မီဒီယာလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်အနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင် တိုင်းရင်းသားအစီအစဉ်များကို အချိန်ပေးကဏ္ဍခွဲပြီး ထုတ်လွှင့်ပေးရန်ဆွေးနွေးခဲ့ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဦးတည်ချက်များထား၍ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသား အစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်ပေးနိုင်ရန်ကိုလည်း အစဉ်တစိုက် အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းနေပြီဖြစ်သည့် အသံလွှင့်စက်အဟောင်းများနေရာတွင် ရေဒီယိုထုတ်လွှင့်စက်အသစ်များကို ဝယ်ယူတပ်ဆင်နိုင်ခဲ့သည့်အတွက် ယခင်က တိုင်းရင်းသားဘာသာ(၈)မျိုးသာ ထုတ်လွှင့်ပေးနိုင်ခဲ့ရာမှ ယခုအခါ တိုင်းရင်းသားဘာသာ(၆)မျိုးကို ထပ်မံတိုးချဲ့ပြီး စုစုပေါင်း တိုင်းရင်းသားဘာသာ(၁၄)မျိုးအထိ တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ ထုတ်လွှင့်ချိန် အနေဖြင့် ယခင်က နေ့စဉ် ၄ နာရီသာ ထုတ်လွှင့်ပေးနိုင်ခဲ့ရာမှ ယခုအခါနေ့စဉ် ၁၂ နာရီအထိ တိုးတက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာ့ရုပ်မြင်သံကြားတွင်လည်း တိုင်းရင်းသားအစီအစဉ်သီးခြား Channel တစ်ခုတိုးမြှင့် ထုတ်လွှင့်ပေးရန်ဆိုပါက ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ စက်ပစ္စည်းအချို့ အသစ်ဝယ်ယူတပ်ဆင်ရန်လိုအပ်သကဲ့သို့ လက်ရှိ ရှိနေသည့် Band Width အတွင်းမှ ထုတ်လွှင့်နိုင်အောင်လည်း ပေါင်းစပ်ပြောင်းလဲစီစဉ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများတိုးချဲ့ခန့်ထားခြင်း အဆင့်ဆင့်အချိန်ယူ ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖော်ပြပါလုပ်ငန်းစဉ်များကို လာမည့်ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ပြီး အစအဆင်သင့်ဖြစ်သည့် အချိန်တွင် တိုင်းရင်းသားအစီအစဉ်များကို အချိန်ပေးကဏ္ဍခွဲပြီး ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

ဦးခက်ထိန်နန်၏မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအဆင့်ဆင့်တွင် အခြားတိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီး အနုပညာယဉ်ကျေးမှုများကိုပါ ထည့်သွင်း၍ ထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားရန် ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ယခုနှစ်စဉ်ကျင်းပနေသည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် လူမျိုးစုပေါင်း(၁၀၀)ကျော်ပါဝင်သည့် တိုင်းရင်းသားအားလုံးအတွက် တစ်ပြေးညီတန်းတူ ယှဉ်ပြိုင်နိုင်သည့် ယူနစ်တူသော ပြိုင်ပွဲတစ်ရပ်ကို ထည့်သွင်းကျင်းပပေးရန်ဆိုသည်မှာ အလွန်ခက်ခဲပါကြောင်း၊ တိုင်းရင်းသားအဆို၊ အကအားလုံးသည် တစ်မျိုးတစ်ဘာသာစီ တစ်သွင်ဆန်းပြီး ခမ်းနားထည်ဝါသော ရိုးရာအမွေအနှစ်များ ဖြစ်ကြသည့်အတွက် ၎င်းအဆို၊ အကများကို ယှဉ်ပြိုင်စေပြီး အမှတ်ပေးရန်၊ နှိုင်းယှဉ်ရန်၊ အရှုံးအနိုင်ခွဲခြားရန်ဆိုသည်မှာ မဖြစ်နိုင်သကဲ့သို့ ဖြစ်လည်းမဖြစ်သင့်ပါကြောင်း။

ထို့ကြောင့် မိမိပြည်နယ်များအတွင်း၌ အကျုံးဝင်သော သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးစုများ၏ ယဉ်ကျေးမှုအနုပညာများကိုသာ အချင်းချင်းယှဉ်ပြိုင်သီဆို၊ တီးမှုတ်၊ ကခုန်နိုင်အောင် ဒေသဆိုင်ရာ ယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာအမွေအနှစ် အနုပညာဆိုင်ရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်ညှိနှိုင်း နည်းလမ်းရှာပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လူမျိုးစုများအပေါ် လွှမ်းခြုံစဉ်းစားပြီး အားလုံးကသဘောတူလက်ခံနိုင်သော ပြိုင်ပွဲများ ကျင်းပသွားနိုင်အောင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အဆင့်တွင် အောင်မြင်မှုရရှိကြသည့် အဆို၊ အက၊ အရေး၊ အတီးပညာရှင်များအား ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပသည့်အခါ အထူးဧည့်သည်အဖြစ် ဖိတ်ကြား၍ ဂုဏ်ပြုဖျော်ဖြေစေခြင်း၊ သီးခြားဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးစုအားလုံး၏ အနုပညာယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဦးခက်ထိန်နန်၏ယဉ်ကျေးမှုတက္ကသိုလ်တွင် တိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီး ရိုးရာအနုပညာယဉ်ကျေးမှုများကိုပါ သင်ကြားပေးရန် ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်နှစ်ခုတွင် စတင်ဖွင့်လှစ်စဉ်ကတည်းက တိုင်းရင်းသားရိုးရာ ဂီတနှင့်တူရိယာပစ္စည်းများ သမိုင်းဘာသာရပ်ကို ထည့်သွင်းပို့ချ လေ့ကျင့်သင်ကြား ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားများ၏ပေါ်လွင်ထင်ရှားသော အဆို၊ အက၊ အတီးအနုပညာများကိုလည်း အခြေခံသင်ရိုးတစ်ရပ်အဖြစ် လက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ပြည်ပသို့ သွားရောက်ဖျော်ဖြေသော ယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များတွင် တိုင်းရင်းသားနှင့် တိုင်းရင်းသားယဉ်ကျေးမှုများ ပါဝင်စေရေး ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်ပသို့သွားရောက်ဖျော်ဖြေသော ယဉ်ကျေးမှုဖျော်ဖြေရေး အဖွဲ့များတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်လျက်ရှိသကဲ့သို့ တိုင်းရင်းသားရိုးရာ အဆို၊ အက အစီအစဉ်များလည်း ပေါင်းစပ်ပါဝင်လျက်ရှိပါကြောင်း၊ ဆွေးနွေးချက်နှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်၍ ပြည်ပယဉ်ကျေးမှုခရီးစဉ်များကို ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာပြည်နယ်အတွင်း ယဉ်ကျေးမှုအနုပညာဆိုင်ရာ ထူးချွန်ဆုများရရှိထားသော တိုင်းရင်းသားပညာရှင်များအား အခါအားလျော်စွာ ပါဝင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် အလေးထားပြီး ယနေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဆောင်ရွက်နိုင်သည်များကိုလည်း အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကိုလည်း အနာဂတ်တွင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စီမံကိန်းလုပ်ငန်းများအနက် ပြီးစီးလာနိုင်တော့မည့် ဆည်တာတမံများ၊ ဆည်ရေသောက်စနစ်များအား ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ရာသီဥတု ထိန်းသိမ်းနိုင်ခြင်း အကျိုးကျေးဇူး၊ မိုးကြီးရေနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်ခြင်းအကျိုးကျေးဇူး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိနိုင်ခြင်းအကျိုးကျေးဇူး၊ ပတ်ဝန်းကျင်တစ်လျှောက်ကျေးရွာများအားလုံး အလုပ်အကိုင် အခွင့်အလမ်းအပါအဝင် ဝင်ငွေများမလွဲမသွေ တိုးတက်ခံစားရရှိစေနိုင်မည့် အကျိုးကျေးဇူးများ အပါအဝင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့ရွာဒေသများတွင် ဆည်တာတမံ၊ မြောင်းစနစ်များအပေါ် ဖြစ်ပေါ်လာသည့် တာပေါင်လမ်းများကြောင့် မြို့ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများအား ဒေသနေလူထုအတွက် အကျိုးခံစားရရှိစေနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နှစ်စဉ်တိုးပွားလျက်ရှိသော လူဦးရေနှင့် စားနပ်ရိက္ခာဖူလုံမှု လိုအပ်ချက်အပေါ်တွင် သီးနှံကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးရန် စီမံကိန်းအရ လိုအပ်ချက်ကို ဦးစားပေးရင်းနှီးမြှုပ်နှံပေးမှသာလျှင် လူထုအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို ရေရှည်လုံခြုံစိတ်ချရမည်ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေအား နိုင်ငံတော်၏အကျိုး၊ နိုင်ငံသားပြည်သူများ၏အကျိုး၊ တောင်သူလယ်သမားထု၏ အကျိုးအတွက် အထိရောက်ဆုံး မှန်ကန်စွာ အသုံးပြုနိုင်ရေးနှင့် အလေအလွင့်မရှိစေရေးအပါအဝင် နိုင်ငံတော်ဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ပြည့်စုံစွာဖြင့် စနစ်တကျအသုံးပြုနိုင်ရေး အထူးအလေးထားကြပ်မတ် လုပ်ဆောင်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ စိုက်ပျိုးစရိတ် ငွေကြေးအရင်းအနှီးအပါအဝင် အဘက်ဘက်မှလိုအပ်ချက် အခက်အခဲများစွာ ရှိနေကြသည့် နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများနှင့် နိုင်ငံသားအားလုံးတို့၏ ရေတို၊ ရေရှည် အမျိုးသားရေးအကျိုးစီးပွားကို အမျိုးသားရေးအမြင်ဖြင့်ရှုမြင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လယ်ယာကဏ္ဍနှင့်ပတ်သက်သော အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေ အသုံးစရိတ်ဆိုင်ရာ စိစစ်ထောက်ခံတင်ပြချက်အပေါ်တွင် ဓမ္မဓိဋ္ဌာန်ကျစွာ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အကြီးစားဒီဇယ်အင်ဂျင်စီမံကိန်း(သာဂရ) ပြီးစီးသွားပါက ရထားပို့ဆောင်ရေးဝန်ကြီးဌာနတွင်ဖြစ်ပေါ်လာမည့် မီးရထားလုပ်ငန်းအတွက် မီးရထားစက်ခေါင်းတွဲများ၊ အလတ်စားရေယာဉ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် လိုအပ်မည့် အကြီးစားဒီဇယ်အင်ဂျင်များကို ထုတ်လုပ်ပေးနိုင်မည့်အပြင် လိုအပ်သောစက်ပစ္စည်းအစိတ်အပိုင်းများကို ဖြည့်ဆည်းပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ Automobile Mould & Die, Jigs & Fixture စီမံကိန်းပြီးစီးသွားပါက အချို့သောပစ္စည်းအစိတ်အပိုင်းများကို ပြည်တွင်း၌ပင် တိုးမြှင့်ထုတ်လုပ်နိုင်မည့်အပြင် ဈေးကွက်လိုအပ်ချက်အရ ထပ်မံထုတ်လုပ်မည့် မော်တော်ယာဉ်ပုံစံသစ်များအတွက် ပစ္စည်းအစိတ်အပိုင်းများကိုလည်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

Automobile Axle စီမံကိန်းပြီးစီးသွားပါက ပြည်တွင်းမှ ထုတ်လုပ်သွားမည့် မော်တော်ယာဉ်များအတွက် လိုအပ်သည့် Axle အမျိုးမျိုးအား ထုတ်လုပ်ပေးနိုင်သော ခေတ်မီနည်းပညာများရရှိမည်ဖြစ်ပါကြောင်း၊ 90HP Engine စီမံကိန်းပြီးစီးသွားပါက Myanmar Double Cab & Myanmar Single Cab မော်တော်ယာဉ်နှင့် အလားတူမော်တော်ယာဉ်များအတွက် 90HP Engine များကို ပြည်ပမှဝယ်ယူ တင်သွင်းရန် မလိုအပ်တော့ဘဲ ပြည်တွင်း၌ပင်ထုတ်လုပ်သွားနိုင်မည်ဖြစ်သည့်အပြင် ထုတ်လုပ်သည့် နည်းပညာကိုလည်း ရရှိမည်ဖြစ်ပါကြောင်း။

ကျောက်ဆည်မှန်စက်ရုံစီမံကိန်းပြီးစီးသွားပါက ပြည်သူလူထုအနေဖြင့် ဈေးနှုန်းချိုသာသော မှန်ကြည်၊ အရောင်မှန်၊ လွှာထပ်မှန်၊ အားဖြည့်မှန်နှင့်ကြည့်မှန်များ ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ သတင်းစာစက္ကူ စက်ရုံစီမံကိန်း(သာပေါင်း) ပြီးစီးသွားပါက ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသည့် သတင်းစာနှင့် ဂျာနယ်များ ရိုက်နှိပ်အသုံးပြုနေရသော စက္ကူအမျိုးအစားများကို ပြည်ပမှဝယ်ယူတင်သွင်းရန် မလိုအပ်တော့ဘဲ ပြည်တွင်း၌ပင် ထုတ်လုပ်သွားနိုင်မည် ဖြစ်ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကြီးမားသော စက်ရုံများအား ပုဂ္ဂလိကအနေဖြင့် ဖက်စပ်လုပ်ငန်းသဘောမျိုး ရင်းနှီးမြှုပ်နှံရန် လတ်တလောအခက်အခဲရှိနေပါသောကြောင့် နိုင်ငံတော်ကပင် အချိန်ကာလတစ်ခုအထိ တာဝန်ယူ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးအရ တွက်ခြေမကိုက်သည့် စက်ရုံများကို ပိတ်သိမ်းရမည်ဆိုပါကလည်း မလိုလားအပ်သော လူမှုဘဝမတည်ငြိမ်သည့် သက်ရောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် စက်ရုံများ ပိတ်သိမ်းခြင်းကိစ္စကို ချင့်ချိန်၍ လိုအပ်မှသာ ဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

လျက်ရှိပါကြောင်း၊ လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ယခုကဲ့သို့ အသုံးစရိတ်များ တောင်းခံရန်မရှိသလောက်နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် တွဲဖက်လျက် ရေရှည်ထိန်းသိမ်းနိုင်မည့် စီးပွားရေးကြီးထွားမှုရရှိနိုင်ရေး ချမှတ်ထားသော စက်မှုကဏ္ဍဖွံ့ဖြိုးရေးမူဝါဒ၊ မျှော်မှန်းထားသည့်ရည်မှန်းချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Public Private Partnership မူဝါဒကိုလည်း ရေးဆွဲလျက်ရှိပါကြောင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းဥပဒေကြမ်းပါ စက်မှုဝန်ကြီးဌာနနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်စဉ်းစားသုံးသပ်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်၏ ၂၀၁၂-၂၀၁၃ အမျိုးသားစီမံကိန်း၌ ရသေ့တောင်မြို့နှင့်အနီးရှိ မြို့များ ကုန်းလမ်းဆက်သွယ်ရေးကိစ္စ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းတွင် မြေသားလမ်းအဖြစ် (၂၂)မိုင်(၆)ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး အမာခံလမ်းအဆင့်အဖြစ် (၃)မိုင်(၄)ဖာလုံဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ မြေပုံ-မင်းပြားလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလမ်း၌ မြေသားတာပေါင်တည်ဆောက်ခြင်း၊ အမာခံကျောက်လမ်းခင်းခြင်း၊ သစ်သားတံတားများတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ တင်ပြတောင်းခံ၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၏ လမ်းပိုင်းအမည် ထပ်မံဖြည့်စွက်လိုကြောင်း ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ မန်တုံ-နမ့်ဆန်လမ်းကို မန်တုံ-နမ့်ဆန်-မိုးမိတ်လမ်းဟု အမည်ပြောင်းလဲ ပြင်ဆင်ခေါ်၍ မရပါကြောင်း၊ မန်တုံ-နမ့်ဆန်-မိုင်းငေါ့-မိုးမိတ်လမ်းဟုသာ ခေါ်ဆိုနိုင်မည်ဖြစ်ပါကြောင်း၊ မန်တုံ-နမ့်ဆန် လမ်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း(၁၅၀၀)ဖြင့် အမာခံလမ်း(၁၅)မိုင် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မဘိမ်း-မိုးမိတ်လမ်းပေါ်ရှိ မိုးမိတ်မြစ်ဆုံတံတား(ရွှေလီ)အား အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရွှေလီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းနှင့် တစ်ပြိုင်တည်းဆောက်လုပ်ရန် စီစဉ်လျက်ရှိပြီး တည်ဆောက်မည့်ဒီဇိုင်းပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက စစ်ဆေးအတည်ပြုပြီးဖြစ်ပါကြောင်း။

တောင်ဥက္ကလာမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ မိမိနိုင်ငံ၏ မိုးများသော ရာသီဥတုနှင့်ကိုက်ညီသည့် ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေး ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ယာဉ်သွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်းပေါ်တွင် နိုင်လွန်ကတ္တရာခင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကွန်ကရစ်လမ်းဖောက်လုပ်ရန်အတွက် ဘိလပ်မြေ လိုအပ်ချက်များစွာရှိလာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ထုတ်လုပ်သော ဘိလပ်မြေများအပြင် ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ရသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေကြေး လုံလောက်စွာရရှိသည့်အခါတွင် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ◯

○ စာမျက်နှာ ၄ မှ

အချို့လမ်းများကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာ့မီးရထားငွေလုံးငွေရင်းအသုံးစရိတ်နှင့် ပတ်သက်၍ ကြံခင်း-ပခုက္ကူ၊ ပျော်ဘွယ်-နတ်မောက်-မကွေး၊ ပုသိမ်-ရန်ကုန်၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်းများ၊ ဧရာဝတီတံတား(ပခုက္ကူ) ချဉ်းကပ်ရထားလမ်း၊ ဧရာဝတီတံတား(မလွန်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းများမှ ငွေကျပ်သန်း(၅၅၀၀)ကို ဖြတ်တောက်ထုတ်နုတ်လျက် အခြားရည်ရွယ်ထားသည့် လုပ်ငန်းများအတွက် သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖြတ်တောက်နိုင်ရန်အတွက် ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းစီမံကိန်းမှ နတ်မောက်-မကွေး ရထားလမ်းပိုင်းဖောက်လုပ်မည့်ကိစ္စကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်သို့ ရွှေ့ပြောင်းလျာထားလုပ်ကိုင်မည်ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် စက်ခေါင်းသစ်/လူစီးတွဲ၊ ကုန်တွဲသစ်တည်ဆောက်ခြင်း စီမံကိန်းမှ ငွေကျပ်သန်း(၄၅၀၀)ဖြတ်တောက်မည့်ကိစ္စတွင် ပစ္စည်းရောက်ရှိမည့်ကာလခန့်မှန်းချက်အရ ၂၀၁၂-၂၀၁၃ ငွေလုံးငွေရင်းလျာထားချက်မှ အထက်ပါငွေကိုဖြတ်တောက်ပြီး ၂၀၁၃-၂၀၁၄ လျာထားချက်သို့ ပြောင်းရွှေ့ လျာထားနိုင်ပါကြောင်း၊ သို့သော် အဆိုပါ လျာထားချက်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အမှန်သုံးစွဲနိုင်မည့် ငွေတွင်မပါဝင်ဘဲ တရုတ်နိုင်ငံချေးငွေအတွက် လျာထားသည့်ငွေသာဖြစ်သဖြင့် အခြားလုပ်ငန်းများသို့ ထုတ်နုတ်သုံးစွဲနိုင်မည့် အခြေအနေမရှိပါကြောင်း၊ ထို့ကြောင့် အခြားရည်ရွယ်ထားသည့် လုပ်ငန်းများအတွက် သုံးစွဲမည်ဆိုပါက ငွေကျပ်သန်း(၅၅၀၀)ကိုသာ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်အနေဖြင့် ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက မော်တော်ယာဉ်များ ဝယ်ယူခြင်းကိစ္စ၊ ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှုကိစ္စတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ယာဉ်ဝယ်ယူရေးအတွက် ဘတ်ဂျက်သုံးစွဲရေးကို ရှေ့တန်းတင်နေခြင်း မဟုတ်ဘဲ နိုင်ငံ့ဂုဏ်သိက္ခာနှင့်ဆိုင်သောကိစ္စဖြစ်သဖြင့် တတ်နိုင်သမျှချွေတာမှုကို ဦးစားပေးစဉ်းစားပြီး မဖြစ်မနေလိုအပ်ချက်ကိုသာလျှင် ဝယ်ယူရန်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်သူများ၏ လုပ်ဆောင်မှုများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှု ကော်မတီရုံးနှင့်လုံခြုံရေးရဲစခန်း၊ ရဲကင်းတို့ကို ယခုနှစ်ဧပြီလအတွင်း အပြီးဆောက်လုပ်နေပြီ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဆောက်အအုံများ ရင်းနှီးမြှုပ်နှံတည်ဆောက်ခြင်းဖြင့် ပြည်ပမှ မော်တော်ယာဉ်(၁၇၂)စီး ဝယ်ယူရန်လျာထားခြင်းတို့သည် နိုင်ငံတော်အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ခြင်း၊ နိုင်ငံ့ဂုဏ်သိက္ခာနှင့် သက်ဆိုင်သောကိစ္စဖြစ်ခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အချိန်မီလုပ်ဆောင်သင့်သော လုပ်ငန်းဖြစ်ခြင်းတို့ကြောင့် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားနိုင်ရေးအတွက် အလေးထားစဉ်းစားဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လှိုင်သာယာမဲဆန္ဒနယ်မှ ဦးညဏ်ဝင်း၏ အချိန်ပိုလုပ်ခ ဥပဒေ ထည့်သွင်းရေးဆွဲသင့်ကြောင်း အကြံပြုဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တည်ဆဲဖြစ်သည့် ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ =ပုဒ်မ ၇၃(၁)တွင် ပြဋ္ဌာန်းချက်အရ အလုပ်သမားတစ်ဦး တစ်ယောက်သည် သတ်မှတ်ထားသည့် အချိန်ထက်ပို၍ အချိန်ပိုလုပ်ရပါက ထိုအချိန်ပိုနာရီအတွက် မိမိသာမန်ရရှိသည့် အခနှုန်း၏နှစ်ဆ ခံစားရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တည်ဆဲဥပဒေများအတိုင်း ဆက်လက်ကျင့်သုံး စည်းကြပ်သွားမည်ဖြစ်ပါကြောင်းဖြင့် လတ်တလောကာလတွင် အချိန်ပိုလုပ်ခ ဥပဒေသီးခြားရေးဆွဲရန် လိုအပ်မည်မဟုတ်သေးပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏အနည်းဆုံးအခကြေးငွေ ဥပဒေကို ယခုနှစ်တွင် အပြီးသတ်ရေးဆွဲပေးနိုင်ရန် တိုက်တွန်းချက်နှင့်စပ်လျဉ်း၍ ယင်းဥပဒေမူကြမ်းကို ဇန်နဝါရီ ၁၇ ရက်တွင် ပြည်ထောင်စု

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ရှေ့နေချုပ်ရုံးသို့ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံထားပြီးဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း လွှတ်တော်သို့တင်ပြ၍ အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ အလုပ်သမားများ တရားဝင်အလုပ်လုပ်နိုင်ရေးအတွက် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းကို နယ်စပ်စခန်း (၃)မြို့အပြင် ဘုရားသုံးဆူမြို့ထပ်မံဖြည့်ရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ မြန်မာအလုပ်သမားများအတွက် နိုင်ငံသားစိစစ်ရေးနှင့် ထိုင်းနိုင်ငံဘက်မှ မှတ်ပုံတင်ထားပြီးသော အလုပ်သမားများအား ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးကိစ္စများကို ယခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မှစ၍ မြန်မာနိုင်ငံ နယ်စပ်စခန်း(၃)နေရာနှင့် ထိုင်းနိုင်ငံအတွင်း(၆)နေရာ စုစုပေါင်း(၉)နေရာတို့၌ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘုရားသုံးဆူမြို့တွင် နယ်စပ်စခန်းဖွင့်လှစ်ရေးကို နောင်သင့်လျော်သည့်အချိန်တွင် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး၏ ကျေးလက်နေလူဦးရေ(၂၀၀၀၀)လျှင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ရေး ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၁-၂၀၁၂)တွင် စီမံကိန်းရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့ဖွင့်လှစ်မည့် ကျေးလက်ကျန်းမာရေးဌာနများတွင် လူသားအရင်းအမြစ်များနှင့် ဆေးဝါးများ ဖြည့်တင်းပေးနိုင်ရေးအတွက် ရန်ပုံငွေများ လျာထားတင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ မြွေဆိပ်ဖြေဆေးဆိုင်ရာ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ မြွေကိုက်လူနာများအတွက် လိုအပ်သောမြွေဆိပ်ဖြေဆေးများကို စက်မှုဝန်ကြီးဌာနမှ ဝယ်ယူလျက်ရှိပြီး လိုအပ်သော ဆေးရုံများသို့ ခွဲဝေထားရှိ၍ ဆေးရုံများ၏လိုအပ်ချက်အပေါ် အတတ်နိုင်ဆုံး ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ပြည်တွင်း၌ထုတ်လုပ်မှုမလုံလောက်၍ ထိုင်းနိုင်ငံမှ ဝယ်ယူဖြည့်တင်းပေးလျက်ရှိသော်လည်း ပြည်တွင်းထုတ် မြွေဆိပ်ဖြေဆေးကဲ့သို့ ထိရောက်မှုမရှိသည့်အတွက် အရေအတွက် ပိုမိုသုံးစွဲရပါကြောင်း၊ မြွေဆိပ်ဖြေဆေးသုတေသန လုပ်ငန်းများအနေဖြင့် သိုး၏သွေးရည်ကြည်နှင့် ကြက်ဥမှထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်မှုအပိုင်းအနေဖြင့် ပညာပေးခြင်း၊ မြွေအန္တရာယ်ကင်းရှင်းစေရေးအတွက် ဖိနပ်/လက်အိတ်အသုံးပြုခြင်းတို့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုသခြင်းအပိုင်းတွင် ရှေးဦးပြုစုကုသခြင်း၊ ကျောက်ကပ်ထိခိုက်ပါက ထိရောက်သောကုသမှုပေးနိုင်ရန်အတွက် Peritoneal Dialysis, Haemodialysis တို့ကို စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးနှင့် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်တို့၏ နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်တည်ဆောက်ရေးအတွက် ရှေးဦးစွာဝန်ကြီးဌာနတစ်ခုချင်းစီ တာဝန်ပေးဆောင်ရွက်ရန် စဉ်းစားခဲ့သော်လည်း ဝန်ကြီးဌာနတစ်ခုချင်းစီ ဆောင်ရွက်ပါက လုပ်ငန်းများ ပြန့်ကျဲပြီး ကွပ်ကဲရန်ခက်ခဲသဖြင့် တစုတစည်းတည်း ကွပ်ကဲဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဝန်ကြီးဌာနများအား ပေါင်းစပ်ဖွဲ့စည်းကာ အထူးဖွံ့ဖြိုးရေးစီမံကိန်းအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

လက်ရှိအစိုးရလက်ထက်တွင် အသစ်ဆောက်လုပ်ရန် စီမံကိန်းအဆောက်အအုံများမရှိဘဲ ယခင်ဆောက်လုပ်ဆဲ အဆောက်အအုံများကိုသာ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲ လုပ်ငန်းအချို့ကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ ဆိုင်းငံ့ထားပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် ASEAN SUMMIT နှင့် အခြားအစည်းအဝေးများအတွက် မဖြစ်မနေလိုအပ်သည့် ယခင်အစိုးရလက်ထက် ဆောက်လုပ်ဆဲလုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဖြစ်မနေ ဆောင်ရွက်ရသည့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ အခြားအာဆီယံနိုင်ငံများနည်းတူ တန်းတူဆောင်ရွက်နိုင်ရေးအတွက် အလေးထား စဉ်းစားဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဝမ်းနည်းကြောင်းအဆိုတင်သွင်းခြင်းကဏ္ဍ၌ မတ်လ ၁ ရက်က နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည့် မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ(၇၅)နှစ်အတွက် ဝမ်းနည်းကြောင်းအဆိုကို အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ လွှတ်တော်သို့တင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းဆုံးဖြတ်ပြီး ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် (၂)မိနစ် မတ်တတ်ရပ်၍ မေတ္တာပို့သကြသည်။

ဥပဒေကြမ်း ဆွေးနွေးအတည်ပြုခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ရန် အချက်များအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းပါ အခန်း(၁)အပိုဒ် ၂ (ည၊ ဋ၊ ဌ)၊ အခန်း(၄)အပိုဒ် ၉ (စ၊ ဆ)၊ အပိုဒ် ၁၀ (ဇ၊ ဈ၊ ည)၊ အပိုဒ်၁၁(စ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အခန်း(၆)အပိုဒ် ၂၀၊ အခန်း(၇) အပိုဒ် ၂၄(ခ)၊ အခန်း(၉) အပိုဒ် ၃၉၊ အပိုဒ် ၅၁(င)၊

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အခန်း(၁၃) အပိုဒ် ၆၃၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈တို့နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်/ ဖြည့်စွက်ချက်များအတိုင်း အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းပါ အခန်း(၁)အပိုဒ် ၂ (ဋ)၊ အခန်း(၄)အပိုဒ် ၉(စ၊ ဆ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အခန်း(၆)အပိုဒ် ၂၃(က၊ ဂ၊ ဃ)၊ အခန်း(၈)အပိုဒ် ၃၂(ခ)၊ အခန်း(၁၅)အပိုဒ် ၈၁၊ အပိုဒ် ၈၃တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ဖြစ်ကြောင်းနှင့် အခန်း(၆)အပိုဒ် ၂၃ (ခ)နှင့် စပ်လျဉ်း၍ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်က ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းပြီး လွှတ်တော်က သဘောတူအတည်ပြု ဆုံးဖြတ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပထမအကြိမ် မြန်မာ-အမေရိကန် အမြင်ချင်းဖလှယ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် အမေရိကန်နိုင်ငံ၏ မဟာဗျူဟာဌာနဖြစ်သည့် ဂျွန်စ်ဟော့ပ်ကင်းစ်တက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာနတို့အကြား ပထမအကြိမ် မြန်မာ-အမေရိကန် 1.5 Track အမြင်ချင်းဖလှယ် ဆွေးနွေးပွဲဖွင့်ပွဲကို နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ယနေ့ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အစိုးရ၊ ပညာရှင်နှင့် စီးပွားရေးလောကမှ အဆင့်မြင့်ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကြပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငွေကြေးကဏ္ဍ၊ စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများစသည့် ကဏ္ဍများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်းနှင့် ဆွေးနွေးပွဲကို မတ် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနနှင့် အမေရိကန်နိုင်ငံ၏ မဟာဗျူဟာဌာနဖြစ်သည့် ဂျွန်စ်ဟော့ပ်ကင်းစ်တက္ကသိုလ် နိုင်ငံတကာလေ့လာရေးဌာနတို့အကြား ပထမအကြိမ် မြန်မာ-အမေရိကန် 1.5 Track အမြင်ချင်းဖလှယ် ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မိဘများဖြစ်ကြသော ဦးဝမ်းမောင်-ဒေါ်လှမြင့်၊ ဦးမောင်မောင်ဆင့်-ဒေါ်မြင့်မြင့်ဦးတို့အား ရည်စူးအမှူထား၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဦးထွန်းဇော်-ဒေါ်ဝေဝေနှင်း၊ သား မောင်ဇော်သူအောင်၊ သမီး မဝေမွန်ဇော် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေး ပဒေသာပင် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

ကျောက်တံတားမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် မတ် ၅

ကျောက်တံတားမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးရန်ပိုင်စိုးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြား၍ ဥက္ကဋ္ဌ ဦးသန်းထွန်းလေး၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းမြင့်၊ အတွင်းရေးမှူး ဦးချစ်ဆွေ(ငွေမိုး)နှင့် အမှုဆောင်များ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီ ခန့်အပ်လွှာကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) စည်းရုံးရေးမှူး ဒေါ်ထားက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးပညာသတင်းဆန်းများ(၂၃)

ဒေါက်တာကံညွန့်

အရင်ဆေးပညာသတင်းဆန်းများ ဖော်ပြရာမှာ လက်ကိုင်ဖုန်းဟာ ကြာကြာသုံးရင် ဦးနှောက်ကင်ဆာအတွက် စိတ်မချရတဲ့အကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ ယခုနောက်ဆုံး ထွက်လာတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ နိုင်ငံတကာကင်ဆာ ရောဂါဆိုင်ရာအဖွဲ့တို့ရဲ့ သတင်းပေးချက်ကိုလည်း ထပ်မံ ဖော်ပြလိုပါတယ်။ ၎င်းတို့ရဲ့ တွေ့ရှိချက်အရ လက်ကိုင်ဖုန်းက ထွက်လာတဲ့ Electro-magnetic wave ဟာ ဦးနှောက်ရဲ့ Tissue တွေကို အချိန်ကြာမြင့်စွာ နှိုးဆွလာရင် ထိခိုက်မှာ သေချာနေကြောင်းနှင့် ယခုတွေ့ရှိချက်အရ ယောကျ်ားတွေမှာ သုက်ရည်ရဲ့ အရည်အသွေးကို နိမ့်ကျစေပြီး မျိုးပွားနိုင်မှုကို ထိခိုက်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် လက်ကိုင်ဖုန်းကို တစ်နေ့မှာ လေးနာရီထက်ပိုအောင် မသုံးကြဖို့ ကလေးတွေကို လက်ကိုင်ဖုန်းသုံးခြင်းက တတ်နိုင်သလောက် လျှော့ဖို့နှင့် မသုံးမဖြစ်သုံးရမယ်ဆိုရင်လည်း လက်ကိုင်ဖုန်းကို နားနှင့်ကပ်မသုံးဘဲ ကြိုးပါတဲ့နားကြပ်နှင့်သုံးဖို့၊ လက်ကိုင်ဖုန်းကို ခေါင်းအုံးအောက်မှာထားပြီး မအိပ်ဖို့ နှိုးဆော်ထားကြောင်း တင်ပြလိုက်ရပါတယ်။

ဆေးပညာသတင်းဆန်းများ ဖော်ပြခဲ့ရာမှာ ဆေးလိပ်ရဲ့ ဆိုးကျိုးတော်တော်များများ ဖော်ပြခဲ့ပြီးပါပြီ။ ယခု ဆေးလိပ်သောက်ခြင်းဟာ မျက်စိကို ဘယ်လိုဒုက္ခပေးနိုင်တယ်ဆိုတဲ့ လေ့လာချက်အသစ်တစ်ခုကိုလည်း တင်ပြလိုပါတယ်။ ဒီလေ့လာချက်ကတော့ စင်ကာပူနိုင်ငံက ဆေးပညာရှင်တွေရဲ့ လေ့လာချက်ပါ။ ယင်းလေ့လာချက်အရ ဆေးလိပ်သောက်သူ လူ ၁၀ ဦးမှာ ခြောက်ဦး ၅၇ ဒသမ ၅ ရာခိုင်နှုန်းဟာ ဆေးလိပ်ကြောင့် မျက်စိကွယ်နေရတယ်လို့ ဆိုပါတယ်။ အသက် (၁၄) နှစ်မှ (၈၃) နှစ်အရွယ် ဆေးလိပ်သောက်သူ ၂၀၀၀ ကျော်ကို လေ့လာခဲ့တာဖြစ်ပြီး မျက်စိကွယ်ရတဲ့ အကြောင်းကတော့ ARMD လို့ အတိုကောက်ခေါ်တဲ့ သက်ကြီးမျက်စိအာရုံလွှာ ပျက်စီးခြင်းရောဂါ (Age Related Mucula Degeneration) ကြောင့် ဖြစ်ရတာလို့ ဆိုပါတယ်။ ၎င်းတို့ လေ့လာချက်က ဆေးလိပ်သောက်သူ ၇၀ ရာခိုင်နှုန်းဟာ ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာနှင့် နှလုံးရောဂါ ဖြစ်နိုင်တယ်ဆိုတာ သိကြပေမယ့် မျက်စိကွယ်နိုင်တယ်ဆိုတာကိုတော့ ၄၀ ရာခိုင်နှုန်းလောက်ကပဲ သိကြတယ်လို့ ဆိုပါတယ်။

နောက်လေဖြတ်ရောဂါနှင့် ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကတော့ အကောင်းမြင်ဝါဒရှိသူတွေဟာ လေဖြတ်ရောဂါက အတော်အသင့် ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ Machigan ဆေးတက္ကသိုလ်က ဆေးပညာရှင်တစ်စုက အသက် (၅၀) ကျော် လူပေါင်း ၆၀၄၄ ဦးကို လေ့လာပြီး တွေ့ရှိ ခဲ့တာဖြစ်ပါတယ်။ အကောင်းမြင်ခြင်းနှင့် လေဖြတ်ခြင်းဟာ ဘယ်လိုဆက်စပ်မှုရှိသလဲဆိုတာကိုတော့ အတိအကျပြောနိုင် ဖို့ ခက်ခဲပေမယ့် စိတ်ချမ်းသာအောင်နေသူ၊ စိတ်ထားကောင်း သူတွေဟာ ပိုကျန်းမာတာကြောင့် ဖြစ်နိုင်ကြောင်း တင်ပြ ထားကြောင်းပါခင်ဗျား။

ဆီးချိုရောဂါရှင်တွေအတွက် ဝမ်းသာစရာ သတင်းတစ်ပုဒ်ကိုလည်း ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါကတော့ Type I ဆီးချိုဝေဒနာရှင်များစွာဟာ နေ့စဉ် တစ်နေ့နှစ်ကြိမ် Insulin ဆေးထိုးပြီး နေကြရပါတယ်။ ဒီဝေဒနာရှင်တွေဟာ Living Cell Technology (LCT) ခေါ်တဲ့ ဝက်ထဲမှ ထုတ်ယူထားတဲ့ Insulin ထုတ်နိုင်တဲ့ Cells တွေ လူခန္ဓာကိုယ်ရဲ့ဗိုက်မှာ Transplant လုပ်ပေးရုံနှင့် နေ့စဉ် ဆေးထိုးစရာမလိုတော့ဘဲ အာနိသင်ကုန်အောင်ထိ နှစ်ရှည်လများ နေလို့ရတော့မယ်လို့ ဆိုပါတယ်။ ဒါကိုတော့ နယူးဇီလန်နိုင်ငံက ဆီးချိုရောဂါကုထုံးမှာ ကနဦး ပညာရှင်တစ်ဦးဖြစ်ခဲ့သူ ပါမောက္ခ ရောဘတ်အီလီးဟော့ဒ်နှင့်အဖွဲ့က စမ်းသပ်အောင်မြင်ခဲ့တာလို့ သိရကြောင်းပါခင်ဗျား။

ဆီးချိုနဲ့ပတ်သက်တဲ့ နောက်သတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံ Centre for Disease Control and Prevention ဌာနကြီးရဲ့ ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံမှာ ယခုအခါ ဆီးချိုဝေဒနာရှင် ၂၆ သန်းရှိနေတယ်လို့ ဆိုပါတယ်။ ဒါဟာ အမေရိကန်လူမျိုး ၁၂ ယောက်မှာ တစ်ယောက် ဆီးချိုရှိနေတဲ့ သဘောပါ။ ၂၀၀၈ ခုနှစ်က ၂၃ ဒသမ ၆ ရာခိုင်နှုန်း သန်းကနေ ယခု ၂၀၁၀ ခုနှစ်မှာ ၂၆ သန်းထိ တိုးလာတဲ့အတွက် ရာနှုန်းနှင့်တွက်ရင် နှစ်နှစ်အတွင်း ကိုးရာခိုင်နှုန်း တိုးလာတယ်လို့ ဆိုပါတယ်။

ဒါဟာ အဝလွန်တာကို မထိန်းချုပ်နိုင်တဲ့အတွက် အမှတ်(၂) ဆီးချိုအမျိုးအစား ပိုဖြစ်လာရပြီး နောက်တစ်ချက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုကောင်းလာတာကြောင့် လူတွေဟာ ပိုအသက်ရှည်စွာ နေထိုင်လာရတဲ့အတွက် ဆီးချိုဝေဒနာရှင်တွေ ပိုတိုးလာတာဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသက် (၆၀)ကျော် အမျိုးသမီးတွေမှာ ဆီးချိုရှိပြီး အဝလွန်နေရင် ရင်သားကင်ဆာရောဂါ ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကတော့ ဆွီဒင်နိုင်ငံက အမျိုးသမီးပေါင်း ၁ ဒသမ ၅ သန်းကို လေ့လာပြီး ပေါ်ထွက်လာတဲ့ တွေ့ရှိမှုပါ။ ဆွီဒင်နိုင်ငံ Lund University ကင်ဆာသုတေသနဌာနက ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ၎င်းတို့တွေ့ရှိချက်အရ အသက် (၆၀)ကျော် အဝလွန်ပြီး ဆီးချိုရောဂါရှိသူ အမျိုးသမီးတွေဟာ သာမန်အမျိုးသမီးတွေထက် ရင်သားကင်ဆာဖြစ်ဖို့ ၅၅ ရာခိုင်နှုန်း ပိုရှိနိုင်ကြောင်း တင်ပြထားကြပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်က အစားအသောက်နဲ့ ပတ်သက်ပါတယ်။ ကြက်သားနှင့် ကြက်ဥပုံမှန်စားသောက်ခြင်းဟာ ဦးနှောက်ရဲ့ မှတ်ဉာဏ်စွမ်းအားကို ပိုကောင်းစေတယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ ဒါကို အမေရိကန်နိုင်ငံ Boston University School of Medicine ဌာနမှ ဆေးပညာရှင်တို့ တွေ့ရှိခဲ့ကြတာဖြစ်ပြီး ၎င်းတို့ဟာ လူပေါင်း ၁၄၀၀၀ ကို ၁၀ နှစ်ကြာ လေ့လာခဲ့ကြတာလို့ ဆိုပါတယ်။

၎င်းတို့အဆိုအရ ကြက်ဥမှာပါတဲ့ အရေးပါတဲ့အာဟာရဓာတ်တစ်ခုဖြစ်တဲ့ (Choline) ကြောင့်လို့ သိရပါတယ်။ ဒီ Choline ဓာတ်ဟာ ဦးနှောက်ရဲ့ (Memory) စွမ်းအင်ကို မြှင့်တင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီဓာတ်ပါတဲ့ တခြားအစားအစာတွေကတော့ ပဲအမျိုးမျိုးနှင့် ရေခန်ငါး၊ အသည်းနှင့် နွားနို့တို့ဖြစ်ကြောင်း သိရပါတယ်။

နောက်တွေ့ရှိချက်တစ်ခုမှာလဲ အမျိုးသမီးတွေဟာ Omega 3 Fatty Acid ပါတဲ့ ငါးကို ပုံမှန်စားခြင်းဖြင့် နှလုံးနှင့် သွေးကြောရောဂါတို့မှ ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကို ဒိန်းမတ်နိုင်ငံက ပညာရှင်တွေက အသက် (၁၅) နှစ်မှ (၄၉)နှစ်အရွယ် အမျိုးသမီးပေါင်း ၄၉၀၀၀ ကို လေ့လာပြီး တင်ပြထားတာပါ။ သူတို့တွေ့ရှိချက်အရ ဒီလိုငါးများများစားတဲ့ အမျိုးသမီးတွေမှာ ငါးတစ်ခါတစ်ရံ သို့မဟုတ် လုံးဝမစားတဲ့ အမျိုးသမီးတွေထက် ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ နှလုံးနှင့် သွေးကြောရောဂါဖြစ်တာက ကာကွယ်နိုင်ကြောင်း သိရပါတယ်။

နောက် ဝမ်းသာစရာသတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါဝေဒနာရှင်တွေအတွက် ဖြစ်ပါတယ်။ အမျိုးသားတွေမှာ ဖြစ်တတ်တဲ့ Prostate Cancer ခေါ် ဆီးကျိတ်ကင်ဆာမှာ အသုံးပြုတဲ့ Proverge ဆေးဟာ ကင်ဆာဝေဒနာရှင်တွေကို အသက်လေးနှစ်ကနေ ငါးနှစ်အထိ ပိုရှည်နိုင်တယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ လူတချို့မှာလဲ ရှစ်နှစ်လောက် အသက်ရှည်တာတွေ့ရတဲ့အတွက် ဒီဆေးနှင့် ပတ်သက်ပြီး American Cancer Society u Dr.Jen ဆိုသူက ဦးစီးပြီး သုတေသန ထပ်မံပြုလုပ်ခဲ့ကြပါတယ်။ ၎င်းတို့တွေ့ရှိချက်အရ Proverge ဆေးဟာ လူခန္ဓာကိုယ်ရဲ့ Immune System (ကိုယ်ခံစွမ်းအား)ကို မြှင့်တင်နိုင်ကြောင်း တွေ့ရှိရပြီး ဒါနဲ့ဆက်စပ်ပြီး ကုရခက်တဲ့ Lymphoma ဆိုတဲ့ နောက်ကင်ဆာရောဂါ တစ်မျိုးကို ကုသရာမှာ အသုံးပြုမယ့် Second Vaccine တစ်မျိုးကို တီထွင်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဆုံးဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ညအိပ်တဲ့အခါ မီးဖွင့်ပြီးအိပ်တဲ့အကျင့်ကို ဖျောက်ကြဖို့ တင်ပြလိုပါတယ်။ ဒီအကြောင်းနှင့်ပတ်သက်ပြီး ယခင်ဆေးပညာသတင်းဆန်းများ (၄)တင်ပြရာမှာလည်း တွေ့ရှိချက်အချို့ကို တင်ပြခဲ့ပါပြီ။ ညမီးထွန်းပြီးအိပ်စက်ခြင်းဟာ Melatonin Hormone အထွက်နည်းသွားကာ အမျိုးသားများမှာ ဆီးကျိတ်ကင်ဆာဖြစ်စေပြီး အမျိုးသမီးတွေမှာ ရင်သားကင်ဆာဖြစ်စေနိုင်ကြောင်း တင်ပြခဲ့ပါပြီ။ ယခု Harvand Medical School က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်အရ မီးအလင်းရောင်နှင့် အိပ်စက်ခြင်းဟာ ကိုယ်ခန္ဓာအတွင်း ညအိပ်စက်ချိန်မှာ ထုတ်လုပ်တဲ့ Melatonin ဆိုတဲ့ Hormone ဓာတ်ထွက်ခြင်းကို တုံ့ဆိုင်းသွားစေပြီး အိပ်စက်ခြင်း မညက်ညောစေဘဲ သွေးပေါင်ချိန်၊ သွေးအတွင်း သကြားဓာတ် လည်ပတ်မှုတို့ကိုပါ အနည်းအပါး ထိခိုက်စေတယ်လို့ ဆိုပါတယ်။

Melatonin ဆိုတဲ့ ဟော်မုန်းဓာတ်ဟာ ဦးနှောက်ရဲ့ Pineal Gland ကထုတ်လုပ်တာဖြစ်ပြီး ခန္ဓာကိုယ်ကို သဘာဝ ကျကျလည်ပတ်ဖို့ Physiological Regulation Hormone အဖြစ် အသုံးဝင်တာလို့ဆိုပါတယ်။

ညအချိန် မီးအလင်းရောင်နှင့် အိပ်စက်ခြင်းကြောင့် ၎င်းဟော်မုန်းဓာတ်ထုတ်လုပ်မှုကို ၅၀ ရာခိုင်နှုန်းထက် လျော့နည်းသွားစေတယ်ဆိုပါတယ်။

အခုအခါ အမေရိကန်နိုင်ငံ Ohio တက္ကသိုလ်က ဆေးပညာရှင်တစ်စုရဲ့ ထပ်မံတွေ့ရှိချက်ကိုလည်း တင်ပြလိုပါတယ်။ ၎င်းတွေ့ရှိချက်ကတော့ ညအချိန် မီးထွန်းပြီး အိပ်စက်ခြင်းဟာ ကိုယ်ခန္ဓာရဲ့ Glucose Metabolism ကိုထိခိုက်စေပြီး ခန္ဓာကိုယ်အလေးချိန် တက်လာနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ ဓာတ်ခွဲခန်းမှာ ကြွက်တွေကို ပုံမှန်အစားအစာကျွေးပြီး မီးထွန်းအိပ်စက်စေတဲ့အုပ်စုနှင့် မီးမထွန်းဘဲ အိပ်စက်စေပြီး စမ်းသပ်ကြည့်တဲ့အခါ မီးထွန်းပြီးအိပ်တဲ့ကြွက်တွေက ခန္ဓာကိုယ်အလေးချိန် ၅၀ ရာခိုင်နှုန်း တက်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ မမျှော်လင့်ဘဲ တွေ့ခဲ့ရတာဖြစ်ပြီး ညအချိန် မီးအလင်းရောင်နှင့်အိပ်စက်ခြင်းဟာ လူငယ်တွေ အဝလွန်ခြင်းနှင့် ဆပ်စပ်မှုရှိ၊ မရှိ နောက်ထပ် သုတေသနပြု စပ်းသပ်ရတော့မှာ ဖြစ်တယ်လို့သိရကြောင်း တင်ပြလိုက်ရပါတယ်။

ဒါကြောင့် ညအိပ်စက်တဲ့အခါ မီးရောင်မှိန်မှိန် (မီးအနီရောင်)သို့မဟုတ် မီးမထွန်းဘဲ အိပ်စက်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ ပြည်သူများသို့ အသိပေးတင်ပြချက်

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက်လည်း အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ **"မိုဘိုင်းဖုန်းကိစ္စနှင့် ပတ်သက်ပြီး လောလောဆယ်မှာ ကျွန်တော်တို့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်၊ ဒီလုပ်ငန်းတွေပြီးတာနဲ့အမျှ ပြည်သူတွေရဲ့ဆန္ဒကို ပြည့်ဝအောင် နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေနဲ့အညီ အကောင်းဆုံးနည်းလမ်းများရှာဖွေပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"** ဟူ၍ ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

၃။ နိုင်ငံတော်သမ္မတကြီး၏ မိန့်ကြားချက်နှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို လွယ်ကူသက်သာစွာ သုံးစွဲနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် မိုဘိုင်းတယ်လီဖုန်းများ၏ ကနဦးတပ်ဆင်ခများကို ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစ၍ အောက်ပါအတိုင်း လျှော့ချ၍ ပြင်ဆင်သတ်မှတ်ပါကြောင်း လေးစားစွာအသိပေးတင်ပြအပ်ပါသည်-

မိုဘိုင်းဖုန်းအမျိုးအစား		**ကနဦးတပ်ဆင်ခ**
(က)	GSM	ကျပ်နှစ်သိန်း
(ခ)	CDMA-450 MHz	ကျပ်နှစ်သိန်း
(ဂ)	WCDMA	ကျပ်နှစ်သိန်းငါးသောင်း
(ဃ)	CDMA-800 MHz	ကျပ်နှစ်သိန်းငါးသောင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မော်တော်ယာဉ်မောင်းသူများ လိုက်နာရန်

(၁) မှတ်ပုံတင်မရှိ/သက်တမ်းကုန်ဆုံးနေသည့် မော်တော်ယာဉ်များအား ပြည်သူတို့ဆိုင်ရာနေရာတွင် မောင်းနှင်ခွင့်မရှိ။
(၂) သက်တမ်းရှိမှတ်ပုံတင်လက်မှတ်(အဝိုင်း)ကို ယာဉ်၏ ရှေ့မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရမည်။
(၃) မှတ်ပုံတင်သက်တမ်းလဲရန် (၅)နှစ်ကျော်ပျက်ကွက်လျှင် မှတ်ပုံတင်ဖျက်သိမ်းမည်ကို သတိပြုပါ။
(၄) မော်တော်ယာဉ်မောင်းနှင်သည့်အခါ သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် အမြဲပါရှိရမည်။
(၅) မိမိယာဉ်မောင်းလိုင်စင်ကို အခြားသူအားပြောင်းလဲ သုံးစွဲခွင့်မရှိ။
(၆) ယာဉ်မောင်းလိုင်စင်တွင်ဖော်ပြထားသည့် မောင်းခွင့်ရှိ ယာဉ်များကိုသာ မောင်းပါ။
(၇) လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၏ သတ်မှတ်စည်းကမ်းအတိုင်းမောင်းပါ။
(၈) သီးခြားကန့်သတ်ထားသည့် အမြန်နှုန်းအတိုင်းမောင်းပါ။
(၉) ယာဉ်ပျက်လျှင် လမ်းဘေးရွှေ့ရပ်ပါ။
(၁၀) ယာဉ်ထိန်းရဲ၏ ညွှန်ပြချက်အတိုင်းလိုက်နာပါ။
(၁၁) မီးစိမ်းကို လုမမောင်းရ။
(၁၂) ယာဉ်မောင်းနေစဉ် ဆေးလိပ်မီးညှိမသောက်ပါနှင့်။
(၁၃) လက်ကိုင်ဖုန်းပြောရင်း ယာဉ်မမောင်းရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၃-၂၀၁၂ (အင်္ဂါနေ့)
[၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် (အဗိတ်နေ့)]

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀	(၆၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News
၈း၄၅	"ခါနွေဆန်းစ တပေါင်းလ"
၄း၂၀	အတီးပြိုင်ပွဲ
၄း၃၀	"ဝါသီးက ရွှေသီးဖြစ်ပြီ"
၅း၀၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၅း၁၅	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ "ဖွံ့ဖြိုးမှုစုံလင် ပဲခူးတိုင်းဒေသကြီးတစ်ခွင်" "သာယာစည်ပင် မကွေးတိုင်းဒေသကြီးတစ်ခွင်" "တိုးတက်စည်ပင် မန္တလေးတိုင်းဒေသကြီးတစ်ခွင်"
၅း၂၀	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၅း၃၀	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၆း၂၀	ဆိုလိုက်ကြစို့
၆း၅၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၀)**
၇း၄၀	"ကားနှင့်ရထားလမ်း နှစ်သွယ်ယှဉ် တံတားဆင်ဖြူရှင်"
၈း၀၀	ပြည်တွင်းသတင်း -"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ) -"ချိုမြိန်ရသာမုန့်ကမ္ဘာ" **-အိန္ဒိယရုပ်ရှင် "မေတ္တာသည်သာ" (အပိုင်း-၁)** -သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၁)

တန် ဖိုး ရှိ လု လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်မောင်မယ်များ အဆင့်မြင့်ပညာများနှင့် နည်းပညာများကို ပြည်နယ်အတွင်းမှာပင် သင်ယူနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော အခြေခံအဆောက်အအုံများ

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ်မောင်မယ်များ မိမိတို့ပြည်နယ်အတွင်းမှာပင် အသိပညာ၊ အတတ်ပညာများ သင်ယူတတ်မြောက်ကြပြီး ပညာတတ်တိုင်းရင်းသားအသိပညာရှင်များဖြစ်ထွန်းကာ နိုင်ငံတော်အကျိုး၊ မိမိတို့ပြည်နယ်အကျိုးကို ပါဝင်ထမ်းရွက်စေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တည်ဆောက်ပေးထားသော စစ်တွေတက္ကသိုလ် (အပေါ်ပုံ)ကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်အတွင်း ယခုအခါ အခြေခံပညာကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အခြေခံပညာသင်ယူပြီးမြောက်သူများ အဆင့်မြင့်ပညာနှင့် အဆင့်မြင့်နည်းပညာများကို ဝေးလံသောဒေသများ၌ သွားရောက်သင်ယူစရာမလိုအောင် ပြည်နယ်အတွင်းမှာပင် တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များကို တည်ဆောက်ပေးထားသည်။

ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူငယ် မောင်မယ်များသည် မိမိတို့ပြည်နယ်အတွင်းမှာပင် အိုးမကွာ အိမ်မကွာဖြင့် နည်းပညာများကို သင်ယူတတ်မြောက်နိုင်အောင် တည်ဆောက်ပေးထားသည့် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့မှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိရာ ယခုအခါ ပြည်နယ်အတွင်း အတတ်ပညာရှင် အမြောက်အမြား ပေါ်ထွက်လာပြီဖြစ်သည်။ ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်ပေးထားသည့် နည်းပညာတက္ကသိုလ် (ဝဲပုံ) နှင့် ကွန်ပျူတာတက္ကသိုလ် (အပေါ်ပုံ) တို့ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

နိုင်ငံတော် သံဃမဟာနာယကအ...
ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ...
လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်း...

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးတိုက် သာသနနုဂ္ဂဟကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ကျိုက်ပိကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏေသနထံ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

❑ရှေ့ဖုံးမှ

လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း...

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ...
ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်း...
ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်း...
ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော...
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်...
များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး...
ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲမျာ...
လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း...

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်...
သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခ...
စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်...
ဇနီး ဒေါ်ခင်လေးသက်တို့က ဘွဲ့တံဆိပ်တော်...
ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်...

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယ...
ခြောက်ထပ်ကြီးတိုက် သာသနနုဂ္ဂဟကျောင်...
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေ...
အနုမောဒနာတရားနာကြား၍ ရေစက်သွန်း...

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံး...
ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မ...
တို့ အမျိုးပြုသော ဧည့်ပရိသတ်များက ဆရာ...
ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း ဘွဲ့... သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျွန်းကုန်းနှင့် ကျုံမငေးတို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၄ ရက် နံနက် ၉ နာရီတွင် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျွန်းကုန်းတိုက်နယ် ကျွန်းကုန်းကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲနှင့် ကျွန်းကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဦးကျော်စွာနှင့် ဇနီး ဒေါ်အေးစီ (ချမ်းမြေ့)မိသားစုက ကျွန်းကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ငွေကျပ်သိန်း ၁၀၀၊ ဝါးခယ်မမြို့နယ် အုတ်လုပ်ငန်းရှင်များက အုတ် တစ်သိန်း၊(ညွန့်ညွန့်တိုင်းရင်းဆေးတိုက်ပိုင်ရှင်) ဦးထွန်းအောင်ကျော်နှင့်ဇနီး ဒေါ်ညွန့်ညွန့်အေးမိသားစု၊ ဦးသန်းဦး (ဆန်စက်လုပ်ငန်းပိုင်ရှင်) မိသားစုနှင့် ဦးကြီးမြင့်နှင့် ဇနီး ဒေါ်နယ်လီအောင် မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကိုကိုအေး မိသားစု၊ ဦးကျော်ထူးမိသားစု၊ ဦးညီညီထွန်း ဇနီး ဒေါ်ခင်အေးသင်း

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

❑ရှေ့ဖုံးမှ

လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်တို့က ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် သာသနနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၃-၂၀၁၂ (အင်္ဂါနေ့)

၅း၄၀	"ဒါရုက္ခန္ဓောပမသုတ်" တရားတော် (ဆရာတော်ဦးယောသိတ)	၈း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅	ရွှေဘိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား	၉း၂၀	The Shop Around The Corner (Part-37)
၉း၁၀	AAT Fashion Design Centre သင်တန်းဆင်းပွဲ	၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၉၀)**
၉း၄၀	Cartoon Show Time	၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	Celebrity Style (နန်းဆုရတီစိုး)	၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၅)**
၁၁း၂၀	ဥဿာဖားမဲ့သာသနာ့နယ်မြေမှ ဗုဒ္ဓပူဇနိယပွဲတော်များ	၁၁း၂၀	"တစ်ပါးသီလ(၂)" ဒါရိုက်တာ-တင်မောင်အေး
၂း၂၀	အောင်စေတီဆရာတော်ဘုရားကြီး၏သာသနာပြုခရီးစဉ်	၁း၀၀	ဆေးဖက်ဝင်ကျွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၆း၁၅	တတိယဝင်ရိုးစွန်းဆီသို့	၁း၀၅	လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၃)	၁း၅၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာကောင်းမြတ်)
၇း၂၅	Celebrity Choice	၄း၄၀	ဖောင်တော်ဦးဘုရားမှ ခေါင်းလောင်းသံ
၈း၃၀	ပုလဲမြို့မှ အခမဲ့ အထွေထွေခွဲစိတ်ကုသပွဲ		

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၃-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်	၆း၃၀	အောင်မြင်ခြင်းလမ်းမ
၈း၁၀	မှတ်တမ်း	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၂)**
၄း၃၀	အလွမ်းတေးပန်းချီ ချစ်သူဆီ		-ဟာသရုပ်စုံ
၄း၃၅	မွေးမြူသုတ		-လျှပ်တစ်ပြက်
၄း၅၅	လျှပ်တစ်ပြက်		-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး		
၅း၃၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၈၆)**		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၂)**
၆း၂၅	Guide for You		Mini Series

...**ရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း ဘွဲ့တံဆိပ်တော်ရ ...ဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

...တော် မတ် ၅

...န်ကြီးချုပ် ဦးသိန်းအောင်သည် မတ် ၄ ရက် နံနက် ...းခယ်မမြို့နယ် ကျွန်းကုန်းတိုက်နယ် ကျွန်းကုန်း ...ဆောက်အအုံ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ...များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲနှင့် ...က်တန်းကျောင်း(ခွဲ) တိုးချဲ့ကျောင်းဆောင်သစ် ...ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ...ဘ်စွာနှင့် ဇနီး ဒေါ်အေးစီ (ချမ်းမြေ့)မိသားစုက ...တန်းကျောင်း(ခွဲ) တိုးချဲ့ကျောင်းဆောင်သစ် ...ပ်သိန်း ၁၀၀၊ ဝါးခယ်မမြို့နယ် အုတ်လုပ်ငန်းရှင် ...နှင့်တိုင်းရင်းဆေးတိုက်ပိုင်ရှင်) ဦးထွန်းအောင်ကျော် ...၊ ဦးသန်းဦး (ဆန်စက်လုပ်ငန်းပိုင်ရှင်) မိသားစုနှင့် ...ဦးအောင် မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ...ထူးမိသားစု၊ ဦးညီညီထွန်း ဇနီး ဒေါ်ခင်အေးသင်း မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ အလှူရှင် ၁၆ ဦးက ငွေကျပ် ၃၂ သိန်း လှူဒါန်းကြပြီး ဦးသိန်းကြိုင် (သက်စမ်းရေကားဝပ်ရှော့)မိသားစုက ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက် တိုးချဲ့ကွက်သစ် မနော်ဟရီဖြတ်လမ်း ကတ္တရာလမ်းခင်းရန် ငွေကျပ်သိန်း ၆၀ ကို လှူဒါန်းကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ရှိ (၈၃)ကြိမ်မြောက် အတုလဗုဒ္ဓစွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျုံမငေးမြို့ ရွှေကျုံရတနာအားကစားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ လယ်ယာကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများပါ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ ပညာရေးအထူးနှစ်အဖြစ်သတ်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စီမံချက်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်နှစ်က တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူများအား ရွှေတစ်ကျပ်သားစီ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် အဆင့်(၁)မှ (၅)အထိ ရရှိသူများအား နိုင်ငံခြားသို့ လေ့လာရေးခရီးများ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျုံမငေးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မြိုင်က ငွေကျပ်သိန်း ၁၉၀၀ တန်ဖိုးရှိ နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးသော တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျုံမငေးမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၁၂ ခုနှစ် နေပြည်တော် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကျင်းပ

နေပြည်တော် မတ် ၅

အနာဂတ်မျိုးဆက်သစ်များ အားကစားကိုစိတ်ပါဝင်စားလာပြီး ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး၊ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရေးနှင့် အရည်အသွေးမြင့်မားသော အားကစားသမားကောင်းများ၊ နိုင်ငံ့သားကောင်းသမီးကောင်းများ ပေါ်ထွက်လာစေရေးတို့အတွက် နွေရာသီအခြေခံအားကစားသင်တန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးများ၌ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ နှစ်စဉ်ပူးပေါင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသော ၂၀၁၂ ခုနှစ် နေပြည်တော် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၂၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့စတင်ဖွင့်လှစ်သည့် နေပြည်တော် နွေရာသီအခြေခံအားကစားသင်တန်းများကို ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်လူရွယ်များ အားကစားတွင် စိတ်ပါဝင်စားလာစေရေးနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်မြင့်တင်နိုင်ရေး အစရှိသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း။

မိမိတို့ နိုင်ငံသားများအနေဖြင့် ပင်ကိုအားဖြင့် အားကစားစိတ်ဓာတ်ထက်သန်ပြီး အားကစားစွမ်းဆောင်မှု အစဉ်အလာ မြင့်မားခဲ့သည်နှင့်အညီ အနာဂတ်မျိုးဆက်သစ်များအနေဖြင့်လည်း ယခုသင်တန်းမှစ၍ အားကစားကို စိတ်ပါဝင်စားလာပြီး နွေရာသီကျောင်းပိတ်ရက်များတွင် အားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်၍ အရည်အသွေးမြင့်မားသည့် နိုင်ငံ့အားကစားသမားကောင်းများ ဖြစ်ပေါ်လာစေရေးအထိ ရည်မှန်းချက်ထားကာ ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၂ ခုနှစ် နေပြည်တော် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါရည်မှန်းချက်များ အကောင်အထည်ဖော်စေရေးအတွက် အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီအနေဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ဦးစီးဌာနအဆင့် အားကစားပြိုင်ပွဲများကို ကျင်းပသွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် လေ့ကျင့်ပေးကြမည့် နည်းပြဆရာများအား နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ နိုင်ငံ့လက်ရွေးစင်အဆင့်၊ ဝန်ကြီးဌာနအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရှိသည့် အားကစားသမားများအား စုစည်း၍ အားကစားအရာရှိများ၊ နည်းစနစ်မှူးများ၊ ကာယဆရာ ဆရာမများအဖြစ် ခန့်အပ်ပေးခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်သွားကြခြင်းဖြင့် မိမိတို့၏ အခြေခံပညာကျောင်းအဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အခြေခံကောင်းများ ရရှိသွားကြမည်ဖြစ်သကဲ့သို့ အားကစားနည်းအမျိုးမျိုးအတွက် မျိုးဆက်သစ်များ ရရှိပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်မည့် အားကစားလူရည်ချွန်များတိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သင်တန်းသားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများအတွက် အားကစားပစ္စည်းများကို လည်းကောင်း၊ ဖွင့်ပွဲသို့ လာရောက်သရုပ်ပြသကြသော အားကစားသရုပ်ပြအဖွဲ့များနှင့် ဘင်ခရာပန်းဖွားအဖွဲ့များအား ထောက်ပံ့ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ သိုင်းအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့မှ အားကစားသမားများက သက်ဆိုင်ရာ အားကစားနည်းအလိုက် သရုပ်ပြသခဲ့ကြသည်။

၂၀၁၂ ခုနှစ် နေပြည်တော် နွေရာသီအခြေခံအားကစားသင်တန်းများကို နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း ၁၉ ကျောင်း၌ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟံသာဝတီယူနိုက်တက်အသင်းမှ အောင်ဖြိုးမြင့်အား မောရဝတီနောက်ခံလူ ထိန်းချုပ်ရန်ကြိုးပမ်းနေစဉ်။

မောရဝတီအသင်း နိုင်ပွဲပျောက်ဆုံးခဲ့ပြန်

ရန်ကုန် မတ် ၅

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၈)နောက်ဆုံးနေ့ကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်းတွင် ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းက မောရဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

MNL အသင်းသစ် မောရဝတီအသင်းမှာ ပွဲစဉ်(၈)အထိ နိုင်ပွဲရယူနိုင်ခြင်းမရှိသေးဘဲ ယခုပွဲတွင်လည်း ဟံသာဝတီအသင်းကို အရှုံးပေးခဲ့ရပြန်သည်။ မောရဝတီအသင်းမှာ အကောင်းဆုံးခြေစွမ်းမျိုး မပြနိုင်ခဲ့သလို ပွဲအစတွင်ပေးလိုက်ရသော ဂိုးကို ပြန်လည်ချေပနိုင်ခြင်းမရှိဘဲ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာ ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး စတန်လေမှလွဲ၍ လူစုံပါဝင်ကစားခဲ့သော်လည်း ကမ္ဘောဇအသင်းကို သရေကစားခဲ့သည့် ခြေစွမ်းမျိုးမပြသနိုင်ခဲ့ပေ။ အောင်မိုး၊ မြင့်နိုင်နှင့် အောင်မြင့်ထွန်းတို့မှာ တစ်ကိုယ်တော်ထိုးဖောက်မှု များနေပြီး တိုက်စစ်တွဲလုံးများမှာ မထိရောက်ခဲ့၍ တစ်ဂိုးတည်းဖြင့် ကပ်၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစ တစ်မိနစ်တွင် မြင့်နိုင်က သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၈) အပြီးတွင် ရတနာပုံအသင်းက အဆင့်(၁)၊ ကမ္ဘောဇအသင်းက အဆင့်(၂)၊ နေပြည်တော်အသင်းက အဆင့်(၃)၊ မနောမြေအသင်းက အဆင့်(၄)၊ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်က အဆင့်(၅) နေရာတို့တွင် ရပ်တည်နေသည်။

၇-၃-၂၀၁၂
(သုဝဏ္ဏကွင်း)
AFC CUP ပြိုင်ပွဲ
ရန်ကုန်ယူနိုက်တက်(မြန်မာ)-
ချောင်ဘူရီ(ထိုင်း)

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

၂၀၁၂ ခုနှစ် မြန်မာ CP Open တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ Myanmar CP Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် Myanmar CP Open တင်းနစ်ပြိုင်ပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက် အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများအဖြစ် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး (Mix Double) နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး(၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်နှင့် (၁၆)နှစ်နှင့်အောက် လူငယ်တစ်ဦးချင်း ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲအတွက် ခရီးစရိတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ပြင်ပမှ လာရောက်ယှဉ်ပြိုင်သောအသင်းများအား တစ်သင်းလျှင် ငွေကျပ် ၃၅၀၀၀၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက် ယှဉ်ပြိုင်သောအသင်းများအား တစ်သင်းလျှင်ငွေကျပ် ၅၀၀၀၀ ထောက်ပံ့မည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကလပ်အသင်းများအတွက် ယခင်နှစ်များနှင့်မတူ အခွင့်အရေးပိုမိုရရှိစေရန် ပြိုင်ပွဲပွဲစဉ်များ စီစဉ်ဆောင်ရွက်ပေးမည်။ လူငယ်ပြိုင်ပွဲဝင် တင်းနစ်အားကစားသမားများအား ခရီးစရိတ်နှင့် နေထိုင်စားသောက်ရေးများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဟုသိရသည်။

မတ် ၁၆ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(သိမ်ဖြူတင်းနစ်ကွင်း)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲစည်းကမ်းများနှင့် သိလိုသည်များကို ဖုန်း- ၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၃၈၁၉၉၂ လိုင်းခွဲ(၀)၊ ၀၉-၇၃၁၂၂၄၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ဆုကြေးငွေကျပ်သိန်းသုံးဆယ်ခန့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်၊ တုန်းဂွမ်မြို့၌ ကျင်းပမည့် ပုံနှိပ်ပစ္စည်းကိရိယာများပြပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သောအဖွဲ့ဝင် ၂၆ ဦး ပါဝင်သည့် ပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

တောင်တွင်းကြီး၌ မီးလောင်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

တောင်တွင်းကြီး မတ် ၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့တောင်ပြင်(ခ)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း ဒေါ်ဒေါင်း(အဘ) ဦးပြားကြီး၏ နေအိမ်တွင် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၃ နာရီ ၄၅ မိနစ်တွင် ဘုရားမီးပူဇော်ရာမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခင်မောင်ကိုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မီးညွန့်ကျိုးခဲ့ပြီး နံနက် ၅ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ဒေါ်ဒေါင်း အသက်(၇၄)နှစ်သေဆုံးခဲ့ပြီး အိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ထောင်စုကိုးစု၊ ၁၂ နှစ်အထက်ကျား ၁၄ ဦး၊ မ သုံးဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရာ ဒက္ခိဏကျောင်းတိုက်အတွင်း ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(၅၈၀)

ဂိုဒေါင်မီးလောင်

မန္တလေး မတ် ၅

မတ် ၄ ရက် ည ၁၁ နာရီ ၉ မိနစ်တွင် မန္တလေးချမ်းအေးသာစံမြို့နယ် အကွက် ၅၉၆၊ ၈၂ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ RC သုံးထပ်အဆောက်အအုံ စာရေးကိရိယာဂိုဒေါင်အတွင်း အီလက်ထရွန်နစ်ဘရိတ်ကာ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၅၃ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ တို့က မီးငြိမ်းသတ်ရာ နံနက် ၀၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။ အဆိုပါ မီးလောင်မှုကြောင့် ငွေကျပ်သိန်း ၁၄၀ ဆုံးရှုံးပြီး ဂိုဒေါင်မန်နေဂျာအား အမှတ် (၈)ရဲတပ်ဖွဲ့စခန်းမှ ပ ၁၃၇/ ၂၀၁၂ပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

(၀၀၂)

ဆိုင်ကယ်တိုက်မှုများ မိတ္ထီလာတွင်ဖြစ်ပွား

မိတ္ထီလာ မတ် ၅

မိတ္ထီလာမြို့ အုတ်ကျင်းရပ်ကွက် မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက တောမကျေးရွာနေ ကျားမင်းဆီစက် လုပ်သားများဖြစ်ကြသည့် ကိုမြင့်လွင်(၃၀)နှစ်နှင့် ကိုမြင့်အေး(၃၀)နှစ်တို့ စီးလာသော နံပါတ်မပါဆိုင်ကယ်အား မဟာစည်ဘုန်းတော်ကြီးကျောင်းရှေ့၌ မျက်နှာချင်းဆိုင်မှ ယာဉ်တစ်စီးက တိုက်ပြီးထွက်ပြေးသွားခဲ့သည်။ ကားတိုက်ခံရသဖြင့် ဆိုင်ကယ်စီးသူ ကိုမြင့်လွင်နှင့် ကိုမြင့်အေးတို့မှာ ဒဏ်ရာအသီးသီးရရှိသွား၍ မိတ္ထီလာဆေးရုံသို့ တင်ပို့ထားရသည်။

အလားတူ မိတ္ထီလာမြို့ ချည်မျှင်နှင့်အထည်စက်ရုံအနီး အုတ်ကျင်းရပ်ကွက် မိတ္ထီလာ-တောင်ကြီးကားလမ်းတွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေက အုတ်ကျင်းရွာနေ ဦးဝင်းချို (၆၄)နှစ် စီးလာသည့် ၅ယ/----- ဆိုင်ကယ်မှာ လမ်း၏ မြောက်ဘက်ရှိ ၎င်း၏ အိမ်သို့ ချိုးဝင်စဉ် နောက်မှကပ်လိုက်လာသည့် ကျော်ကျော် (၁၉)နှစ် ဝန်ဇင်းရပ်ကွက်နေသူစီးလာသည့် ၁၂ယ/----- ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့ရာ ဦးဝင်းချိုမှာ ဒဏ်ရာပြင်းထန်စွာရရှိ၍ မန္တလေးဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ရသည်။ ယာဉ်မဆင်မခြင်မောင်းသူများအား အမှုဖွင့်အရေးယူ ထားသည်။ (၁၁၁)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး
မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

❖ **ကျောဖုံးမှ**

စွမ်းပကားကြီးမားမည်ဖြစ်သည်။

အရွယ်အစားကြီးမားသော ကုန်တင်ဒုံးပျံယာဉ်များ တည်ဆောက်မှုနည်းပညာ အရ တရုတ်နိုင်ငံသည် အမေရိကန်၊ ရုရှားနှင့် ဥရောပနိုင်ငံတို့၏ နောက်တွင် ရပ်တည်နေဆဲဖြစ်ကြောင်း၊ နည်းပညာတီထွင်ဆန်းသစ်မှုများကို ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်သိပ္ပံပညာရှင်များသည် လောင်းမတ်ချ်ဒုံးပျံယာဉ်များကို ထုတ်လုပ်ခဲ့သည်။ အာကာသသုတေသန လုပ်ငန်းအတွက် လောင်းမတ်ချ်ဒုံးပျံယာဉ် အမှတ်-၇ အထိ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။

တရုတ်သိပ္ပံပညာရှင်များသည် လောင်းမတ်ချ်-၅ ဒုံးပျံယာဉ်အတွက် လောင်စာသိုလှောင်နိုင်ရန် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ သိုလှောင်ကန်ကို ပထမဆုံးအကြိမ် သုတေသနပြုတည်ဆောက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

အင်တာနက်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၅

ယနေ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၄၅)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြခြင်း၊ ဝမ်းနည်းကြောင်းအဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြခြင်း ကဏ္ဍ၌ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ၌ ဖေဖော်ဝါရီ ၇ ရက်မှ မတ်လ ၁ ရက်အထိ ဆွေးနွေးခဲ့ပြီးဖြစ်သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘော ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး(၁၀)ဦးက ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် **နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ရာ၌ အသေးစိတ် စိစစ်ဆောင်ရွက်ရန်၊ ဥပမာအားဖြင့် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် ဒေသအလိုက် ကုန်ကျစရိတ်ကွာခြားနိုင်သဖြင့် ပြန်လည်စိစစ်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းများနှင့် ပတ်သက်၍ ကုန်ကျစရိတ် တွက်ချက်ရာတွင် ဒေသန္တရဈေးနှုန်းများအတိုင်း တွက်ချက်ဆောင်ရွက်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလမ်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ဒေသက တာဝန်ယူဖောက်လုပ်ရပြီး နိုင်ငံတော်က မြေလမ်းတစ်မိုင်လျှင် ကျပ်(၉)သိန်း၊ ကျောက်လမ်းတစ်မိုင်လျှင် ကျပ်သိန်း(၃၀)၊ ကတ္တရာလမ်းတစ်မိုင်လျှင် ကျပ်သိန်း(၆၀)စသည့် မူသေနှုန်းထားများအတိုင်း ထောက်ပံ့ခွင့်ပြုပေးပါကြောင်း။

လမ်းသစ်များ ပြုပြင်ထိန်းသိမ်းခြင်းသည် လမ်းသစ်များကို ယခုဖောက် ယခုပျက်ဆိုသည့် သဘောမျိုး သက်ရောက်နေသဖြင့် လမ်းများပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် လမ်းဟောင်းများ ထိန်းသိမ်းခြင်းဖြစ်ရန် ဆွေးနွေးခဲ့မှုနှင့် စပ်လျဉ်း၍ စာစီစာရိုက်မှားယွင်းမှုကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်ပြီး အမှန်မှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလမ်းအဟောင်းများ ပြင်ဆင်ထိန်းသိမ်းရန်အတွက် ဖြစ်ပါကြောင်း။

အခြားဟူသော ဥပဒေခေါင်းစဉ်တွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ဆောင်ရွက်လျက်ရှိသဖြင့် တိကျသော ခေါင်းစဉ်ဖြင့် ဖော်ပြရန် ဆွေးနွေးခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ

စာမျက်နှာ ၄ ကော်လံ ၁ သို့◆

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး(၁၈)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စု လွှတ်တော်အစည်းအဝေး(၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ယ နေ့ သ တ င်း အ ညွှ န်း

မြန်မာ-အမေရိကန် အမြင်ချင်းဖလှယ်ဆွေးနွေး
ပြည်တွင်းသတင်း စာမျက်နှာ ၅

သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်
ပြည်တွင်းသတင်း စာမျက်နှာ ၃

နွေရာသီအခြေခံ အားကစားသင်တန်းများဖွင့်
ပြည်တွင်းသတင်း စာမျက်နှာ ၁၀

မိုဘိုင်းတယ်လီဖုန်းတပ်ဆင်ခများ လျှော့ချပြင်ဆင်သတ်မှတ်
ပြည်တွင်းသတင်း စာမျက်နှာ ၆

မောရဝတီအသင်း နိုင်ပွဲပျောက်ဆုံးခဲ့ပြန်
ပြည်တွင်းသတင်း စာမျက်နှာ ၁၀

ဒေါက်တာကံညွန့်၏ ဆေးပညာသတင်းဆန်းများ(၂၃)
ဆောင်းပါး စာမျက်နှာ ၆

ထူးခြားသည့် နေ့အပူချိန်
၅ - ၃ - ၂၀၁၂
ချောက် ၄၂ ဒီဂရီစင်တီဂရိတ်

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို(၄)မျက်နှာ ပါရှိပါသည်။

အရွယ်အစားကြီးမားသော ဒုံးပျံယာဉ်များကို တရုတ်နိုင်ငံတည်ဆောက်ရန် သုတေသနပြုလုပ်

အင်တာနက် သိပ္ပံ နည်းပညာသတင်း
ဘာသာပြန် - တက်လူ

ပေကျင်း မတ် ၅

တရုတ်သိပ္ပံပညာရှင်များသည် လကမ္ဘာသို့ လူသားများအား စေလွှတ်နိုင်ရန်နှင့် အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် အရွယ်အစားကြီးမားသော ဒုံးပျံယာဉ်များ ထုတ်လုပ်ရေးဆိုင်ရာ ပဏာမသုတေသနလုပ်ငန်းကို လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ဒုံးပျံယာဉ်နည်းပညာသုတေသနသိပ္ပံက မတ် ၅ ရက်တွင် ပြောကြားသည်။

အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိမည်ဆိုပါက မိမိတို့နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းအတွက် အရွယ်အစားကြီးမားသော ဒုံးပျံယာဉ်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒုံးပျံယာဉ်နည်းပညာသုတေသနသိပ္ပံ၏ ဒုတိယဥက္ကဋ္ဌ လျောင်ကျင်ဟောင်းက ပြောကြားသည်။

အသစ်တည်ဆောက်ရန် သုတေသနပြုလုပ်ခဲ့သော ဒုံးပျံယာဉ်သည် တရုတ်နိုင်ငံ၏ လက်ရှိအကြီးဆုံး ဒုံးပျံယာဉ်ဖြစ်သော လောင်းမတ်ချ်-၅ ဒုံးပျံယာဉ်ထက် ပိုမို၍

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❖